# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (7-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များအား တွေ့ဆုံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို ပြည်သူလူထုများက နေပြည်တော် တပ်မတော်လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်း စာမျက်နှာ - ၁၆)




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# လေထုသန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်ပေး

နှစ်စဉ် စက်တင်ဘာ ၇ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ဖြစ်ပါသည်။ ကမ္ဘာ့လူသားများအားလုံး လေထုညစ်ညမ်းမှုဖြစ်ပေါ်ရခြင်း၏အကြောင်းရင်းနှင့် လေထုညစ်ညမ်းမှု လျှော့ချရေးကို ပိုမိုသိရှိနားလည်လာစေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် (၇၄)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၇၄/၂၁၂)အရ စက်တင်ဘာ ၇ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်သည်။ ယခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့၏ဆောင်ပုဒ်သည် **"လေထုအရည်အသွေး ကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်ဖြစ်သည်။

လေထုညစ်ညမ်းမှုသည် သဘာဝဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသကဲ့သို့ လူသားတို့၏လုပ်ကိုင်ဆောင်ရွက်မှုများကလည်း ဖြစ်ပေါ်လာသည်။ သဘာဝဖြစ်စဉ်များဖြစ်သော တောမီးများလောင်ကျွမ်းခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းစသည်တို့မှ ထွက်ပေါ်လာသော မီးခိုးများ၊ပြာမှုန်များ၊ ဆိုးရွားသော အနံ့အသက်များသည် လေထုအတွင်းပျံ့နှံ့ဝင်ရောက်ပြီး တစ်နေရာမှတစ်နေရာသို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ လေတိုက်နှုန်းအတိုင်း လိုက်ပါသွားတတ်ကြပြီး လေထုကို ညစ်ညမ်းစေသည်။စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ဓာတ်ငွေ့များ၊ အခိုးအငွေ့များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ မော်တော်ယာဉ်များမှထွက်ရှိသည့် အခိုးအငွေ့များ၊ ဓာတ်ငွေ့များ၊ ထင်း၊ မီးသွေး၊ ဇီဝလောင်စာများလောင်ကျွမ်းရာမှ ထွက်ရှိသောအခိုးအငွေ့များ၊ စွန့်ပစ်အမှိုက်များ မီးရှို့ခြင်းမှထွက်ရှိသော အခိုးအငွေ့များ၊ စွန့်ပစ်အမှိုက်များကို စနစ်တကျ သိမ်းဆည်းခြင်းမရှိဘဲ ကာလရှည်ကြာစွာထားသဖြင့် ထိုစွန့်ပစ်အမှိုက်များမှ ထွက်ရှိသောအနံ့အသက်ဆိုးများ၊ ကျေးလက်မြို့များရှိ အများသုံး သန့်စင်ခန်းများမှ သန့်ရှင်းမှုမရှိဘဲ ထွက်ရှိသောအနံ့ဆိုးများ စသည်တို့သည်လည်း လေထုကို ညစ်ညမ်းစေသည်။

လူသားများ၏ ကျန်းမာရေးနှင့်နေ့စဉ်နေထိုင်မှုဘဝအတွက် သန့်ရှင်းသောလေရရှိရေးသည် အရေးကြီးသည်။ လေထုညစ်ညမ်းမှုသည် တစ်ကမ္ဘာလုံးတွင်ရှိသည့် လူသားများ၏ကျန်းမာရေးအတွက် အန္တရာယ်ရှိသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ၆ ဒသမ ၇ သန်းခန့် သေဆုံးနေပြီး လူဦးရေ ၂၄ သန်းခန့်သည် အိမ်တွင်းလေထုညစ်ညမ်းမှုအန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။ လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးတွင် ကမ္ဘာ့လူသားတိုင်း ထိရောက်လွယ်ကူစွာပါဝင်တိုက်ဖျက်နိုင်ရေးမှာ သစ်တော၊ သစ်ပင်များတိုးမြှင့်စိုက်ပျိုးခြင်း၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ပင်ဖြစ်သည်။ သစ်တော၊ သစ်ပင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်အဆိပ်ငွေ့များကို စုပ်ယူပေးရုံသာမက လူသားတိုင်း အသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ သစ်တောသစ်ပင်များရှင်သန်ဖွံ့ဖြိုးနေစေရန် စိုက်ပျိုးထိန်းသိမ်းကာကွယ်ကြခြင်းဖြင့် လေထုသန့်ရှင်းလာသည်နှင့် ကမ္ဘာကြီးကိုဒုက္ခပေးနေသော မှန်လုံအိမ်အာနိသင်ဆိုးများကိုပါ လျှော့ချပြီးသားဖြစ်ပေမည်။ သန့်ရှင်းသောလေထုရရှိရန်အတွက် ကမ္ဘာ့လူသားများအနေဖြင့် သစ်တောသယံဇာတ တိုးပွားအောင်တတ်စွမ်းသရွေ့ ပျိုးထောင်စိုက်ပျိုးမှုကို လုပ်ဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားများအနေဖြင့် သစ်တောသယံဇာတတိုးပွားအောင် တတ်စွမ်းသရွေ့ပျိုးထောင်စိုက်ပျိုးမှုကို လုပ်ဆောင်ရမည်ဖြစ်သည်။ ကမ္ဘာ့လူသားတိုင်း သက်တမ်းစေ့သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် လေထုညစ်ညမ်းမှုပြဿနာကို အထူးအလေးထားကာကွယ်သမှုပြုကြရမည်ဖြစ်ပါသည်။ လူသားနှင့်သက်ရှိတိုင်းအတွက် အသက်တမျှအရေးပါသော သန့်ရှင်းသောလေထုရရှိရေးအတွက် မိမိတို့တစ်ဦးတစ်ယောက်ချင်း မှအစပြု၍ လေထုညစ်ညမ်းမှုလျှော့ချခြင်း၊ သစ်တောသစ်ပင်များ ရှင်သန်ဖွံ့ဖြိုးအောင်စိုက်ပျိုးကြခြင်းတို့ကို အလေးအနက်ထားပူးပေါင်းဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် Yoma Mandalay Run For the Community 2025 ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံတင်ပြခြင်းအစည်းအဝေးသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများကို မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ YOMA Group မှ တာဝန်ရှိသူများက စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် YOMA Group မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများလည်ပတ်နေမှု၊ Yoma Marathon ပွဲများကို ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့်အပေါ် အတွေ့အကြုံများ၊ မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပမည့် ရည်ရွယ်ချက်များနှင့် အောင်မြင်စွာကျင်းပနိုင်ရေး လျာထားအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်သည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးအတွက် ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို အားကစားပြက္ခဒိန် ရေးဆွဲပြီး အလေးထားကာ ကျင်းပပေးနေမှုများ၊ မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပမည့်အခမ်းအနားနှင့် စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ အသက်အရွယ်မရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး အပျော်တမ်း၊ ဝါသနာရှင်များစွာဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲသွားနိုင်ရေးနှင့် ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားရေး၊ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက YOMA Group တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ပြောကြားပြီးနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးတို့က တင်ပြအကြံပြု ပြောကြားခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက် ဆွေးနွေးချက်များနှင့် ရှင်းလင်း တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**အမရပူရ စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရှမ်းရွာကြီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၄၇၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၄၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် ဆင်ကျုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ဆင်ကျုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆင်ကျုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၅၅ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို ငွေကျပ် ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက မိဘများဖြစ်ကြသော ဦးချစ်စိန်-ဒေါ်ကြည်ကြည်၊ မောင်ကိုရွှေမောင် ခေါ် ကိုထွန်းထွန်းတို့အားရည်စူး၍ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ်၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၆၁ ဧက၊ ဖူးစားပြောင်း ၁၀၅၉ ဧက စုစုပေါင်းဧက ၁၈၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်းဧက ၇၇၀၊ ဖူးစားပြောင်း ၅၅၅ ဧက စုစုပေါင်း ၁၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၁၈၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်း ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မကွေးမြို့နယ် မကြီးစမ်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မကွေး စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မကြီးစမ်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက မကြီးစမ်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မကြီးစမ်းကျေးရွာ၌ တွင်းအကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ ရှိသော တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၁၂၀၊ အမြင့် ခြောက်ပေရှိသော ချိန်းလင့်ကာရံခြင်းလုပ်ငန်းနှင့် 7.7 kw ရှိသော ဆိုလာစနစ်သုံးရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၁၄ သန်းအသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း လယ်ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း လယ်ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း လယ်ကဏန်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်တယ်။ လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း လယ်ကဏန်းတွေ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေက အရောင်းအဝယ်လုပ်ငန်းပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ငပုတောမြို့နယ်မှ ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ လယ်ကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြန်မြန်စဉ်းစားမလား၊ နှေးနှေးစဉ်းစားမလား... စဉ်းစား

**မျိုးသူ(ကုန်သွယ်မြှင့်)**

စိတ်ပညာရှင် ဒယ်နီရယ်ကိန်းမင်း Daniel Kahneman ၏ စဉ်းစားတွေးတောခြင်း၊ အမြန်နှင့် အနှေး "Thinking, Fast and Slow." ဆိုသော စာအုပ်မှာ စိတ်ပညာနှင့်ပတ်သက်၍ လည်းကောင်း၊ အတွေးအခေါ်နှင့်ပတ်သက်၍ လည်းကောင်း နာမည်ကြီးသော စာအုပ်တစ်အုပ်ဖြစ်သည်။ လူများ၏ အတွေးအခေါ်နှင့် ဆုံးဖြတ်ချက်ချမှတ်ပုံများကို နားလည်လွယ်အောင်ရှင်းပြထားသော စာတစ်အုပ်ဖြစ်သည်။ စာအုပ်၏ အဓိကအချက်မှာ လူ့ဦးနှောက်တွင် အတွေးအခေါ်နှင့်ပတ်သက်၍ စနစ်နှစ်မျိုးရှိကြောင်းကို ရှင်းပြထားခြင်းဖြစ်သည်။

စနစ်အမှတ်တစ်မှာ အမြန်တွေးခေါ်နိုင်မှုစနစ်ဖြစ်သည်။ စနစ်အမှတ်နှစ်မှာ နှေး၍စနစ်တကျ တွေးခေါ်နိုင်မှုဖြစ်သည်။ ထိုသို့ စနစ်နှစ်မျိုးကို ရှင်းပြပြီး လူတစ်ဦးကိုမေးကြည့်လျှင် နှေးကွေးပြီး စနစ်တကျ တွေးခေါ်နိုင်မှုကို ကြိုက်နှစ်သက်သည်ဟု ဖြေကြားနိုင်သည်။ သို့သော် လူအများစုသည် အမြန်တွေးခေါ်နိုင်မှု စနစ်အမှတ်တစ်ကိုသာ သုံးစွဲတတ်ကြကြောင်း တွေ့နိုင်သည်ကို ရှင်းပြထားသည်။

**စနစ်အမှတ်တစ်– အမြန်တွေးခေါ်နိုင်မှုစနစ်**

စနစ်အမှတ်တစ်မှာ အလိုအလျောက် အမြန်ဆုံးဖြတ်ပြီး အားစိုက်ထုတ်စရာမလိုဘဲ အလုပ်လုပ်သွားသည်။ ဥပမာအားဖြင့် လမ်းလျှောက်ရင်း စကားပြောနိုင်ခြင်း၊ လမ်းလျှောက်ရင်း ဖုန်းပြောနိုင်ခြင်းများသည် ဦးနှောက်၏တွေးခေါ်ခြင်းနှင့်ဆိုင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် စနစ်အမှတ်တစ်က ဆောင်ရွက်နေခြင်းဖြစ်သည်ဟုဆိုသည်။ အလားတူပင် မျက်နှာရှေ့သို့ တစ်ခုခုဝင်လာသည်မျိုးကို မြင်လိုက်သည်နှင့် ခေါင်းတိမ်း၍ရှောင်လိုက်ခြင်းမျိုး၊ ကားမောင်းနေစဉ် ကားရှေ့သို့ လူတစ်ဦးဖြတ်လိုက်လျှင် ခြေထောက်မှ ဘရိတ်အုပ်လိုက်ခြင်းမျိုးဖြစ်သည်။ စိတ်က တွေးတောခြင်းနှင့်ဆုံးဖြတ်ခြင်းကို လျင်မြန်စွာ တစ်ဆက်တည်းဆောင်ရွက်နိုင်သည့် တွေးခေါ်မှုစနစ်ကို စနစ်အမှတ်တစ်ဟု ခေါ်ထားခြင်းဖြစ်သည်။ ဤနေရာတွင် စနစ်အမှတ်တစ်သည် နေ့စဉ်ဘဝတွင် အသုံးဝင်သည်။ အများဆုံးလည်း သုံးစွဲရသည်။ သို့သော်လည်း အထင်အမြင်မှားယွင်း၍ဆုံးဖြတ်ချက်အမှားကို ချမှတ်ခြင်းမျိုးလည်း ဖြစ်စေတတ်သည်။ လူအများသည် အတွေ့အကြုံပေါ်တွင်မူတည်ပြီး အမှတ်မှား၊ အထင်မှားခြင်းမျိုးဖြစ်ပေါ်တတ်သည်။

**အသိအမြင်ဆိုင်ရာ ဘက်လိုက်ရွေးချယ်မှု**

စနစ်အမှတ်တစ်ကို စဉ်းစားရာတွင် အရေးပါသော အချက်တစ်ခုမှာ အသိအမြင်ဆိုင်ရာ ဘက်လိုက်ရွေးချယ်မှုဖြစ်သည်။ စနစ်အမှတ်တစ်သည် လျင်မြန်စွာတွေးတောပြီး ချက်ချင်းပင် ဦးနှောက်က ဆုံးဖြတ်ချက်ချမှတ်ချက်ကာ ချက်ချင်းတုံ့ပြန်မှုကို ပြုတတ်ကြသည်။ ရေးချပြနေသည်ကပင်ကြာပြီး လျင်မြန်စွာ တွေးတောဆုံးဖြတ် တုံ့ပြန်ခြင်းက ပို၍ပင်မြန်တတ်သည်။ တွေးတောချင့်ချိန်မှု မပါဟုပင် ထင်တတ်သည်ထိ မြန်ဆန်သည်။ ထို့ကြောင့် အင်အားစိုက်ထုတ်ရန် မလိုသော စနစ်အမှတ်တစ်ကို လူများသည် နေ့စဉ်ဆောင်ရွက်ခြင်းကိစ္စများတွင် သုံးစွဲနေသည်ကို တွေ့နိုင်သည်။ ကွန်ပျူတာဖြင့် စာရိုက်နေသည့်အခါတွင်လည်း ကကြီးသည် မည်သည့်နေရာ၊ ရရစ်သည် မည်သည့်နေရာ စသဖြင့် လက်ကအမြန်ရိုက်နေခြင်းသည် အဆိုပါ စနစ်အမှတ်တစ်က ဆောင်ရွက်နေခြင်းဖြစ်သည်။ နေ့စဉ် ဘဝထဲတွင် အင်အားစိုက်ထုတ်ရမှုနည်းစေရန် စနစ်အမှတ်တစ်ကို အများဆုံး သုံးစွဲရသဖြင့် လူတိုင်းလိုလို တွေ့ကြုံရတတ်သည်ဟု ဆိုသည်။ မိမိဦးနှောက်က အရာရာကို လျင်မြန်စွာ ဆုံးဖြတ်ပေးနိုင်ရန်နှင့် တုံ့ပြန်မှုကို လျင်မြန်စွာပြုလုပ်နိုင်ရန်အတွက် စိတ်နှင့်ဉာဏ် ဖြတ်လမ်းများကို ဦးနှောက်က အသုံးပြုရသဖြင့် အမှားများဖြစ်ပေါ်တတ်ခြင်းဟုဆိုသည်။ စိတ်လှုပ်ရှားနေချိန်၊ အချိန်မရသဖြင့် လျင်လျင်မြန်မြန် ဆောင်ရွက်နေရချိန်၊ ဖိအားပေးခံရချိန်နှင့် အချက်အလက်မပြည့်စုံသော အခြေအနေများတွင် ဦးနှောက်က အလျင်အမြန် ဆုံးဖြတ်တုံ့ပြန်မှုပြုသည့်အခါမျိုးတွင် မှားယွင်းသည့် တွေးခေါ်မှု ဆုံးဖြတ်မှု တုံ့ပြန်မှုများ ဖြစ်ပေါ်ခြင်းဖြစ်သည်။ လူအများတွင် ဖြစ်ပေါ်တတ်သော အသိအမြင်ဆိုင်ရာ ဘက်လိုက်ရွေးချယ်မှုများမှာ စိတ်က ကျောက်ချထားသကဲ့သို့ အသေသတ်မှတ်ထားသည့် အခြေအနေမျိုးကြောင့် ဘက်လိုက်ဆုံးဖြတ်တတ်ခြင်း၊ စိတ်ယုံကြည် ချက် သို့မဟုတ် အတွေးအခေါ်တစ်ခုကို ထောက်ခံ သည့် စိတ်တွင်းပြဋ္ဌာန်းပြီး အချက်ကြောင့် ဘက်လိုက် ဆုံးဖြတ်ခြင်းနှင့် ယုံကြည်မှုလွန်ကဲခြင်းကြောင့် ဘက်လိုက်ဆုံးဖြတ်မှုတို့ ဖြစ်ကြသည်ဟုဆိုသည်။

**❖ ဆုံးဖြတ်ချက်ကို မှန်ကန်အောင်ချမှတ်လိုပါက မှန်ကန်သော အချက်အလက်များကိုပါစဉ်းစားပြီး ဆုံးဖြတ်သည့်အနေမျိုးဖြစ်သော စနစ်အမှတ်နှစ်ကို လေ့ကျင့်မှုများဖြင့် စနစ်အမှတ်တစ်အတွင်း ဝင်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ စနစ်အမှတ်တစ်ဖြင့် ဆုံးဖြတ်ချက်ကို ချမှတ်နေရသည့် အချိန်မျိုးတွင် စနစ်အမှတ်နှစ်ကို လုပ်ဆောင်နိုင်ရန်အတွက် ခေတ္တမျှတွေးတောချိန်ယူပြီး ဆုံးဖြတ်ချက်မှန်အောင် ဆောင်ရွက်ရသည်။ ❖**

စိတ်က ကျောက်ချထားသကဲ့သို့ ပုံသေသတ်မှတ်ထားသော အခြေအနေမျိုးကြောင့် ဘက်လိုက်ဆုံးဖြတ်တတ်ခြင်းနှင့် ထိုဘက်လိုက်သည့်စိတ်ကြောင့် ဖြစ်ပေါ်လာသည့် တုံ့ပြန်မှုကို ဈေးရောင်းရာတွင် အသုံးပြုနိုင်သည်။ ကုန်ပစ္စည်းတစ်ခု၏ ဈေးနှုန်းတစ်ခုကို မိတ်ဆွေထံမှကြားသိထား၍ မှတ်သားထားခြင်းသော်လည်းကောင်း၊ ယခင်ကဝယ်ယူဖူးသည့် အလားတူပစ္စည်းတစ်ခု၏ဈေးနှုန်းကို သိထား၍သော်လည်းကောင်း အဆိုပါဈေးနှုန်းသည် ဝယ်ယူမည့်သူ၏စိတ်တွင် ကျောက်ချထားသကဲ့သို့ အခြေခံအချက်အလက် တစ်ခုအဖြစ် စွဲမြဲနေတတ်သည်။ လျှော့ဈေးဖြင့် ရောင်းသည်ဆိုသည့်အခါ ဝယ်ယူသူက ယခင် စိတ်ထဲတွင်ကျောက်ချသကဲ့သို့ မှတ်သားထားသော ဈေးနှုန်းဖြင့် အတွင်းစိတ်က နှိုင်းယှဉ်ကြည့်ပြီး ဈေးသက်သာသည်၊ ဝယ်ယူသင့်သည်၊ အကျိုးရှိသည်ဟု ထင်မြင်ပြီး ဝယ်ယူလာစေခြင်းဖြစ်သည်။ ထို့ပြင် ဈေးနှုန်းများတွင် ၉၉၉၉ ကျပ်သည် ထောင်ဂဏန်းဖြစ်၍ ၁၀၀၀၀ ကျပ်သည် သောင်းဂဏန်းဖြစ်သော်လည်း ၉၉၉၉ ကျပ်ထက်တစ်ကျပ်သာများသော်လည်း သောင်းဂဏန်းဖြစ်နေသဖြင့် ၉၉၉၉ ကျပ်ထက်များစွာ ဈေးကြီးသည်ဟုထင်မြင်၍ မဝယ်ဘဲနေတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထောင်ဂဏန်းနှင့် သောင်းဂဏန်းသည် ဆယ်ဂဏန်းတစ်ခု အနည်းဆုံး ကွာခြားသည်ဟု စိတ်တွင် ပုံသေကျောက်ချမှတ်သားထားစိတ်ကြောင့် စနစ်အမှတ်တစ်ဖြင့် တွေးခေါ်ဆုံးဖြတ်သည့်အခါတွင် ဘက်လိုက်မှုဖြစ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် တစ်သောင်းဟုဈေးကိုမဆိုဘဲ ၉၉၉၉ ကျပ်ဟု ဈေးဖော်ပြထားသည့်အခါ ဈေးသက်သာသည်ဟု ထင်မြင်ယူဆစေသည်။ အလားတူပင် နေရာတစ်ခုကို ဝင်ကြေးသတ်မှတ်ထားပြီး ဆိုင်အတွင်းမှ ပစ္စည်းတစ်ခုဝယ်ယူလျှင်ပင် ဝင်ကြေးကို လျှော့ချပေးသည်ဆိုပါက ဝယ်ယူသည့်သူများ ပို၍များစေသည်။ ဝင်ကြေးကို များသည်ဟုယူဆပြီး ပစ္စည်းတစ်ခုကို ဝယ်ယူသည့်အခါ ပြန်ရသည်ကိုသာ စဉ်းစားပြီး ပစ္စည်းအတွက် ငွေကြေးကုန်ကျရသည်မှာ တန်သည်ဟု စိတ်တွင်ထင်မြင်မိစေသဖြင့် ဝယ်ယူမှုမြင့်တက်လာခြင်းမျိုးဖြစ်သည်။ စနစ်အမှတ်တစ်ဖြင့် တွေးခေါ်ဆုံးဖြတ်မှုတွင် လျင်မြန်စွာ ဆုံးဖြတ်တုံ့ပြန်ရသဖြင့် စိတ်တွင်စွဲထင်ပြီးသား ဆုံးဖြတ်ချက်ချပြီး အခြေအနေမျိုးအတိုင်း လိုက်ပါဆုံးဖြတ်တုံ့ပြန်ခြင်းမျိုးဖြစ်သည်။ ဥပမာအားဖြင့် တိုယိုတာကုမ္ပဏီထုတ်ကားများသည် ကောင်းသည်ဟု စိတ်တွင်ယုံကြည်ချက်ဖြစ်သည့်အခါတွင် တိုယိုတာကဲ့သို့ ကောင်းသော အခြား Brand ကားများကို လျစ်လျူရှုလိုက်ပြီး တိုယိုတာကားကိုသာဝယ်ယူရန် တွေးခေါ်ဆုံးဖြတ်ခြင်းမျိုးဖြစ်သည်။ စိတ်၏စနစ်အမှတ်တစ်ဖြင့် တွေးခေါ် ဆုံးဖြတ်ခြင်းတွင် လွဲမှားလေ့ရှိတတ်သည်။ ထိုကဲ့သို့ လွဲမှားသောအချက်သည် တွေးခေါ်မှုကိုပါ လွဲမှားစေပြီး ဆုံးဖြတ်ချက်ချမှုကိုပါ လွဲချော်စေခြင်းမျိုးဖြစ်သည်။ ထိုကဲ့သို့ အချက်များသည် စီးပွားရေးလုပ်ငန်းများတွင် မကြာခဏ တွေ့ကြုံရသည့်အချက်များဖြစ်သဖြင့် စနစ်အမှတ်နှစ်နှင့်တွဲ၍ တွေးခေါ်စဉ်းစားဆုံးဖြတ်နိုင်ရန်၊ လေ့ကျင့်ပေးရန် လိုအပ်သည်။ သို့ရာတွင် ဘက်လိုက်မှုများဖြစ်ပေါ်ရခြင်းသည် အမြန်စဉ်းစားတွေးခေါ်ဆုံးဖြတ်ရန် စနစ်အမှတ်တစ်၏ သဘာဝကြောင့်လည်း ဖြစ်သည်ဟုဆိုသည်။ အလျင်အမြန်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် မိမိကိုယ်ကိုယုံကြည်မှုနှင့် သံသယများကို ဖယ်ထုတ်ထားရသည်။ ယုံကြည်မှု အပြည့်ရှိမှလည်း စနစ်အမှတ်တစ်ဖြင့် တွေးခေါ်ဆုံးဖြတ်နိုင်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင် ရောင်းမှားဝယ်မှားဖြစ်ခြင်းများ၊ ငွေကြေးဆုံးရှုံးမှုများ၊ စီမံကိန်းအလွဲများအပြင် ထပ်မံသင်ယူရန်၊ လေ့ကျင့်ရန် ပျက်ကွက်ခြင်းများ ဖြစ်လာတတ်သည်။

**စနစ်အမှတ်နှစ်– စနစ်တကျ တွေးခေါ်ဆုံးဖြတ်နိုင်မှု**

စိတ်ပညာရှင် ဒယ်နီရယ်ကိန်းမင်း Daniel Kahneman ၏ စဉ်းစားတွေးတောခြင်း၊ အမြန်နှင့်အနှေး "Thinking, Fast and Slow." ဆိုသော စာအုပ်တွင် တွေးခေါ်ခြင်းကို စနစ်အမှတ်တစ်နှင့် စနစ်အမှတ်နှစ်ဟု နှစ်မျိုးခွဲခြားထားသည်ကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ စနစ်အမှတ်တစ်နှင့်ပတ်သက်၍လည်း အနည်းငယ်ရှင်းပြပြီး လက်တွေ့စီးပွားရေးနယ်ပယ်တွင် အရေးပါမှုများကို ဖော်ပြခဲ့သည်။ စနစ်အမှတ်နှစ်မှာမူ ဦးနှောက်ကအချိန်ယူ၍ အားစိုက်ထုတ်ပြီး စဉ်းစားတွေးတောပြီးမှ ဆုံးဖြတ်ခြင်းဖြစ်သည်။ စနစ်အမှတ်နှစ်ဖြင့် လုပ်ကိုင်ရသည့်လုပ်ငန်းမျိုး၊ ဆုံးဖြတ်ချက်မျိုး၏ အားသာချက်များမှာ တိကျမှန်ကန်မှုများပြားတတ်သည်။ ယုတ္တိဗေဒဖြင့် စဉ်းစားချင့်ချိန်နိုင်သည်။ အားသာချက်အနေဖြင့် အချိန်များစွာပေးရခြင်း၊ ပျင်းရိငြီးငွေ့ဖွယ်ဖြစ်ခြင်းနှင့် စွမ်းအင်ကုန်ခမ်းခြင်းတို့ဖြစ်သည်။ ထိုအားနည်းချက်များကြောင့်ပင် လူအများစုသည် နေ့စဉ်လုပ်ငန်းဆောင်တာများကို စနစ်အမှတ်တစ်ဖြင့် ဆုံးဖြတ်တတ်ကြခြင်းဖြစ်သည်။

စိတ်ပညာရှင် ဒယ်နီရယ်ကိန်းမင်းက ဤစနစ်နှစ်ခုသည် အပြန်အလှန်ဆက်စပ်နေပြီး ထိုသို့ဆက်သွယ်မှုအပေါ်တွင် လူများမည်သည့်အတွက်ကြောင့် ဆုံးဖြတ်ချက်များ မှားယွင်းတတ်သည်ကို ရှင်းပြထားသည်။ စနစ်အမှတ်တစ်ဖြစ်သော အမြန်စဉ်းစားတွေးခေါ်ခြင်းက စနစ်အမှတ်နှစ်ဖြစ်သော ဖြေးဖြေးစဉ်းစားတွေးခေါ်ခြင်းကို လွှမ်းမိုးတတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ စနစ်အမှတ်နှစ်ကို အချိန်မပေးဘဲ စနစ်အမှတ်တစ်က အမြန်စဉ်းစားတွေးတောပြီး အမြန်ဆုံးဖြတ်သည်ကို လက်ခံလိုက်သဖြင့် မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းဖြစ်သည်။ ထို့ပြင် စနစ်အမှတ်တစ်သည် အမြန်ဆုံးဖြတ်ချက်ပေးနိုင်ရန်အတွက် ဦးနှောက်တွင် ထိုအချက်နှင့်ဆိုင်သည့် စဉ်းမျဉ်းစည်းကမ်းအတိုများကို ထည့်သွင်းသိမ်းဆည်းထားသဖြင့် ဆရာမပါ အလိုအလျောက်တတ်သိမှုမျိုး ဦးနှောက်တွင်ရှိလာပြီး အလိုအလျောက်တုံ့ပြန်မှုမျိုးဖြစ်စေရန် စနစ်အမှတ်တစ်က လုပ်ဆောင်သည်။ ဥပမာအားဖြင့် စားသောက်ဆိုင်တွင် စားအုန်းဆီကို ၈၀ ရာခိုင်နှုန်း သုံးစွဲချက်ပြုတ်ခြင်း မပြုရဟုဆိုခြင်းသည် စားအုန်းဆီကို ၂၀ ရာခိုင်နှုန်း သုံးစွဲခွင့်ပြုသည်ဟုဆိုသည်ထက် လူများ၏ ရွေးချယ်မှုကိုလွဲမှားအောင် အတွေးထဲရောက်သွားအောင် ဆောင်ရွက်နိုင်သည်။ ဦးနှောက်တွင် ၈၀ ရာခိုင်နှုန်းသည် ၂၀ ရာခိုင်နှုန်းထက် အများအပြားသာလွန်သည်။ အကောင်း ၈၀ ရှိခြင်းသည် အလွန်ကောင်းသည်၊ ကျောင်းတွင် အမှတ် ၈၀ သည် ဂုဏ်ထူးမှတ်ဖြစ်သည် စသည့် အချက်များကို ထည့်သွင်းမှတ်သားထားပြီးဖြစ်သဖြင့် ၈၀ ရာခိုင်နှုန်းကို ရှေ့တွင်ထား၍ ပြောသည့်အခါ သတင်းအချက်အလက်ပေးသည့်အခါ ကောင်းမွန်သည်ဟု စနစ်အမှတ်တစ်က ချက်ချင်းဆုံးဖြတ်လိုက်ခြင်းမျိုးဖြစ်သည်။ ဆုံးဖြတ်ချက်ကို မှန်ကန်အောင် ချမှတ်လိုပါက မှန်ကန်သောအချက်အလက်များကို ပါစဉ်းစားပြီး ဆုံးဖြတ်သည့်အနေမျိုးဖြစ်သော စနစ်အမှတ်နှစ်ကို လေ့ကျင့်မှုများဖြင့် စနစ်အမှတ်တစ် အတွင်းဝင်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ စနစ်အမှတ်တစ်ဖြင့် ဆုံးဖြတ်ချက်ကို ချမှတ်နေရသည့်အချိန်မျိုးတွင် စနစ်အမှတ်နှစ်ကို လုပ်ဆောင်နိုင်ရန်အတွက် ခေတ္တမျှတွေးတောချိန်ယူပြီး ဆုံးဖြတ်ချက်မှန်အောင် ဆောင်ရွက်ရသည်။ ဥပမာအားဖြင့် စင်ပေါ်တွင်ကိစ္စတစ်ခုကို လက်တန်းပြောနေသည့်အခါတွင် စနစ်အမှတ်တစ်က ဆုံးဖြတ်သည့်အတိုင်း ပြောဆိုနေခြင်းဖြစ်သော်လည်း စကားပြောခြင်းကို ခဏတာဖြတ်ခြင်း၊ နှေးနှေးပြောခြင်း၊ စက္ကန့်ပိုင်းမျှနားခြင်း စသည့်အခြေအနေမျိုးဖန်တီးပြီး စဉ်းစားချိန်ရအောင် လုပ်ပေးခြင်းဖြင့် စနစ်အမှတ်နှစ်ကပါ ပါဝင်ဆုံးဖြတ်ပေးသဖြင့် ပိုမိုထိရောက်သော ပြောဆိုမှုမျိုးကိုရရှိနိုင်ကြောင်း သိရသည်။

ထို့ကြောင့် အချုပ်အနေဖြင့် စနစ်အမှတ်တစ်ကို ပိုမိုကောင်းမွန် စွာဆုံးဖြတ်နိုင်ရန် လေ့လာမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ လေ့ကျင့်မှုများကိုလည်း ဆက်တိုက်လုပ်ကိုင်ပေးခြင်းတို့အပြင် အမြန်နှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စေရန် စနစ်မှတ်တစ်ကို လေ့ကျင့်ပေးနိုင်သည်ဟုဆိုသည်။ ထို့ပြင် စနစ်အမှတ်နှစ်ကို စီမံခန့်ခွဲသူနေရာတွင်ထားပြီး စနစ်အမှတ်တစ်ဖြင့် ဆုံးဖြတ်သည့်အခါ ပိုမိုကောင်းမွန်သော ရလဒ်များရရှိစေနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**– စိတ်ပညာရှင်Daniel Kahneman ၏ "Thinking, Fast and Slow."**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# နေရစ်တော့ကွယ် မြို့လဟယ်

\- ချောင်းကျလွှေ ရေအစပ်မှာတဲ့
အပေါင်းဆွေ နေလို့ရပ်ခဲ့ကြပေတော့
မပြတ်ချင် ရွှေကြာပင်သို့
သံယောဇဉ် အမျှင်တန်းပေမဲ့
ကိုယ့်ဝန်တာ ကိုယ့်စခန်းကိုဖြင့်
လျှောက်လှမ်းရပေဦးမည်။

\- လွမ်းစရာဖန် နောင်အခါတမ်းနေမဲ့
ဗွမ်းလာထန် တောင်ပြာတန်းကိုလည်း
မျှော်မှန်းကာ လည်ပြန်အကြည့်တွင်မှ
သည်းငြိ ခင်တွယ်။

\- လဟယ်၏ ဖူဂျီ
တကယ်ကြည့်လျှင် တူပေသည်မို့
ဂျပန်ပြည် အလည်ရောက်လေသလား
မှတ်မှား ထင်စရာကွဲ့
တောင်ပြာပြာ သည်အရိပ်မှာတဲ့
လျောင်းအိပ်ရင်း ဆုံကြတယ်
အနယ်နယ်က ဒို့ဝန်ထမ်း။

\- နွမ်းလျှရင်ဝယ်
လွမ်းစ အသာဖယ်လို့
လဟယ်ဆီ ချယ်ရီဖူးချိန်မှ
လာဦးမည် သည်မြေကိုပေါ့
စာဆိုမှာ ဗျာပိုတွေးလို့ရယ်
ဝေးရပ်က လွမ်း။ ။

မြင်းမူမောင်နိုင်မိုး

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၇၉၃၇ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၇၉၃၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၇၉၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါသီးနှံစုံ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ သီးနှံစုံစိုက်ဧက ၁၂၇၉၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ တောင်သူတွေကို သီးနှံအလိုက် လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးနှင့် သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးတို့အတွက် စိုက်ပျိုးရေး အသိပညာပေးတာတွေကို ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လျာထားစိုက်ပျိုးမည့် သီးနှံများအနေဖြင့် ဖူးစားပြောင်း ဧက ၃၀၅၀၊ ပဲမျိုးစုံသီးနှံ ၇၂၅၆၄ ဧက၊ ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက၊ စားဖိုဆောင်သီးနှံစုံ ၂၄၃၈ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၁၂၉၀၉ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၁၇၄၅ ဧက၊ အထွေထွေစားသုံးသီးနှံ ဧက ၂၈၀ စုစုပေါင်း သီးနှံစုံ ဧက ၁၂၇၉၃၇ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရုံမျှမက ပိုလျှံသောသီးနှံများကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# သံဖြူဇရပ်မြို့နယ် အိုင်ရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် စက်တင်ဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်ရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုင်ရှည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၅၁ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၈ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ငွေကျပ် ၅၉ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# အောင်လံ-ပြည် ကားလမ်းမှ မြင့်ဦးလမ်းသို့ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် အောင်လံ-ပြည်ကားလမ်းမှ မြင့်ဦးလမ်းသို့ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသက်အောင်သန့်၊ အောင်လံမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးဗိုလ်မင်းနှင့် တာဝန်ရှိသူများက အောင်လံ-ပြည် ကားလမ်းမှ မြင့်ဦးလမ်းသို့ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြရာလက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အောင်လံ-ပြည် ကားလမ်းမှ မြင့်ဦးလမ်း အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၃၄ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## ဟစ်ဇ်ဘိုလာအုပ်စု လက်နက်ဖြုတ်သိမ်းရေး လက်ဘနွန်အစိုးရအဖွဲ့ ထောက်ခံကြိုဆို

**ဘေရွတ် စက်တင်ဘာ ၆**

အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအုပ်စုအား လက်နက်ဖြုတ်သိမ်းမည့် အစီအစဉ်ကို လက်ဘနွန်အစိုးရက ယနေ့တွင် ကြိုဆိုထောက်ခံခဲ့သည်။

ယနေ့အစိုးရအဖွဲ့အစည်းအဝေးတွင် လက်ဘနွန်တပ်မတော်တာဝန်ရှိသူများက ဟစ်ဇ်ဘိုလာအုပ်စုအား လက်နက်ဖြုတ်သိမ်းရေးအစီအစဉ် တစ်ရပ်တင်ပြခဲ့သည်။

ဟစ်ဇ်ဘိုလာအုပ်စုလက်နက်ဖြုတ်သိမ်းရေး အစီအစဉ်ကို လက်ဘနွန် တပ်မတော်က အကောင်အထည် ဖော်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အစည်းအဝေးပြီးဆုံးပြီးနောက် ထုတ်ပြန်ထားသည့် သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် ဟစ်ဇ်ဘိုလာအုပ်စု လက်နက်ဖြုတ်သိမ်းရေးအစီအစဉ်မည်သည့်အချိန်တွင် စတင်မည်ကို လက်ဘနွန်အစိုးရက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပြု ရှီးယိုက်စ်လက်နက်ကိုင်အုပ်စုဖြစ်သည့် ဟစ်ဇ်ဘိုလာအုပ်စုသည် လက်ဘနွန် နိုင်ငံရေးလောကကို နှစ်ပေါင်းများစွာ လွှမ်းမိုးထားသည့်အဖွဲ့အစည်းဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ်အတွင်း အစ္စရေးနိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာအုပ်စုမှာ အကြီးအကျယ်အင်အားချည့်နဲ့ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



## ၂၀၂၆ ခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကို ဒိုရယ်လ်ဂေါက်ကွင်း၌ကျင်းပရန် ဒေါ်နယ်ထရမ့်စီစဉ်ထား




**နယူးယောက် စက်တင်ဘာ ၆**

၂၀၂၆ ခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကို မီယာမီမြို့အနီးရှိ ၎င်းပိုင် အပန်းဖြေဂေါက်ကွင်း၌ ကျင်းပရန် စီစဉ်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

မီယာမီမြို့အနီးရှိ ဒိုရယ်လ် အပန်းဖြေဂေါက်ကွင်းသည် ၂၀၂၆ ခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံအတွက် အကောင်းဆုံးနေရာဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် သမ္မတရာထူး ပထမအကြိမ် ရယူထားစဉ်ကလည်း ဂျီ-၇ ထိပ်သီးညီလာခံကို ဒိုရယ်လ်ဂေါက်ကွင်း၌ ကျင်းပရန်စီစဉ်ခဲ့ဖူးသည်။

သို့ရာတွင် ယင်းသို့ ပြုလုပ်ပါက အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ရာရောက်နိုင်ကြောင်း ဝေဖန်မှုများပေါ်ထွက်လာခဲ့ပြီးနောက် အစီအစဉ်ပျက်ခဲ့ရသည်။

၂၀၂၆ ခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကျင်းပမည့်အချိန်ကာလကို အမေရိကန်အစိုးရက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဂျီ-၂၀အုပ်စု၏အလှည့်ကျဥက္ကဋ္ဌတာဝန်ကို စတင်ရယူရမည်ဖြစ်သည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယားအလုပ်သမား ဦးရေ ၄၀၀ ကျော် အမေရိကန်နိုင်ငံ၌ ဖမ်းဆီးခံရ

**နယူးယောက် စက်တင်ဘာ ၆**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ တည်ဆောက်ဆဲ မော်တော်ယာဉ်လျှပ်စစ်ဘက်ထရီ ထုတ်လုပ်ရေးစက်ရုံကို အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများက ဝင်ရောက်စီးနင်း၍ အလုပ်သမား ဦးရေ ၅၀၀နီးပါးကို ဖမ်းဆီးထိန်းသိမ်း ခဲ့ကြောင်း စက်တင်ဘာ ၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက စက်တင်ဘာ ၄ ရက်တွင် ဝင်ရောက်စီးနင်းခဲ့သော မော်တော်ယာဉ်ဘက်ထရီ ထုတ်လုပ်ရေးစက်ရုံမှာ တောင်ကိုရီးယား အခြေစိုက် ဟွန်ဒိုင်း မော်တော်ယာဉ်ကုမ္ပဏီက တည်ဆောက်နေသော စက်ရုံဖြစ်သည်။

ဟွန်ဒိုင်း မော်တော်ယာဉ်ဘက်ထရီစက်ရုံ စီးနင်းမှုအတွင်း အလုပ်သမား ၄၇၅ ဦးကို ဖမ်းဆီးခဲ့ရာ အများစုမှာ တောင်ကိုရီးယားနိုင်ငံသားများ ဖြစ်ကြကြောင်း အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

မော်တော်ယာဉ် ဘက်ထရီ ထုတ်လုပ်ရေးစက်ရုံစီးနင်းမှုတွင် ဖမ်းဆီးထားသော အလုပ်သမားများမှာ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုနှင့် ဗီဇာသက်တမ်းထက်ကျော်လွန်နေထိုင်မှုများကြောင့် အမေရိကန်နိုင်ငံ၌ အလုပ်လုပ်ခွင့်ပိတ်ပင်ခံထားရသူများဖြစ်ကြောင်း အမေရိကန်အစိုးရ အမိမြေ လုံခြုံရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဟွန်ဒိုင်း မော်တော်ယာဉ်ဘက်ထရီစက်ရုံ စီးနင်းမှုသည် အမိမြေ လုံခြုံရေးဝန်ကြီးဌာနသမိုင်းတစ်လျှောက် တစ်နေရာထဲ၌ အများဆုံးဖမ်းဆီးထိန်းသိမ်းမှုဖြစ်သည်။

အမေရိကန်အစိုးရက တရားမဝင်လူဝင်မှုနှိမ်နင်းရေးလုပ်ငန်းစဉ်ကို မြှင့်တင် လုပ်ဆောင်နေချိန်တွင် တောင်ကိုရီးယားအလုပ်သမားများဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြင်သစ်အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားများ အစာငတ်ခံဆန္ဒပြ

**ပဲရစ် စက်တင်ဘာ ၆**

လုံခြုံရေး အထူးတင်းကျပ်သည့် ပြင်သစ်အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားများသည် အကျဉ်းထောင်အတွင်း အခြေအနေများကို ကန့်ကွက်သည့်အနေဖြင့် ယခုရက်သတ္တပတ်အတွင်း အစာငတ်ခံဆန္ဒပြပွဲ စတင်ပြုလုပ်ခဲ့ကြောင်း ပြင်သစ်တရားရေးဝန်ကြီးဌာနက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်နိုင်ငံ မြောက်ပိုင်း ပတ်စ်ဒီကလိုက်စ်ဒေသ၌ တည်ရှိသော ဗင်ဒင်းလီဗီအီလ်အမည်ရှိ အဆိုပါ အကျဉ်းထောင်သည် အန္တရာယ်ကြီးမားသည့် မူးယစ်မှောင်ခိုသမား အကျဉ်းသားများကို ထားရှိရာအကျဉ်းထောင်ဖြစ်သည်။

ပြင်သစ် တရားရေးဝန်ကြီးဌာနတာဝန်ရှိသူများ၏အဆိုအရ ဗင်ဒင်းလီဗီအီလ်အကျဉ်းထောင်မှ အကျဉ်းသားများသည် ၎င်းတို့၏ အစာငတ်ခံဆန္ဒပြပွဲကို စက်တင်ဘာ ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါအစာငတ်ခံဆန္ဒပြပွဲ၌ ပါဝင်သည့် အကျဉ်းသားအရေအတွက် အတိအကျကို ပြင်သစ်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

သို့ရာတွင် မိမိတို့အနေဖြင့် အကျဉ်းသားများ၏ တောင်းဆိုချက်များကို လိုက်လျောမည် မဟုတ်ကြောင်းပြင်သစ်တရားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗင်ဒင်းလီဗီအီလ် အကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းထားသူများထဲတွင် အန္တရာယ်ကြီးမားသော မူးယစ်မှောင်ခိုတရားခံ အကျဉ်းသား ၈၈ ဦးထိရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာစီးတီးမြို့မှ ပါလက်စတိုင်းလူမျိုးများ တောင်ဘက်ပိုင်းသို့ထွက်ခွာရန် အစ္စရေးတပ်မတော်တိုက်တွန်း

**ဂျေရုဆလင် စက်တင်ဘာ ၆**

ဂါဇာစီးတီးမြို့ရှိ ပါလက်စတိုင်းလူမျိုးများအနေဖြင့် တောင်ဘက်ပိုင်းဒေသသို့ ရွှေ့ပြောင်းထွက်ခွာကြရန် အစ္စရေးတပ်မတော်က ယနေ့တွင် တိုက်တွန်းခဲ့သည်။

ဂါဇာစီးတီးမြို့အတွင်းသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ထိုးဖောက်ဝင်ရောက်နေချိန်တွင် ပါလက်စတိုင်းအရပ်သားများ တောင်ဘက်ပိုင်းသို့ ထွက်ခွာရန်အစ္စရေးတပ်မတော်က တိုက်တွန်းထားခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ဂါဇာစီးတီးမြို့ကို ထိန်းချုပ်ရေးအတွက် ပြီးခဲ့သည့်ဩဂုတ် ၁၀ ရက်မှစ၍ထိုးစစ်သစ်တစ်ရပ် စတင်ဆင်နွှဲခဲ့သည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်များသည် ဂါဇာစီးတီးမြို့



မြောက်ပိုင်း ရပ်ကွက်များထဲ၌ စစ်ဆင်ရေးများ ပြုလုပ်လျက်ရှိသည်။

ဂါဇာစီးတီးမြို့သည် ဂါဇာကမ်းမြောင်ဒေသ၏ အကြီးဆုံးမြို့ဖြစ်ပြီး ဂါဇာလူဦးရေ စုစုပေါင်း၏ ထက်ဝက်ခန့်နေထိုင်ရာမြို့ဖြစ်သည်။

သို့ရာတွင် ဂါဇာစီးတီးမြို့ကို ဟားမတ်စ်အုပ်စု၏ နောက်ဆုံးခြေကုပ်နယ်မြေအဖြစ် အစ္စရေးအစိုးရက သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ပြိုင်ဘက်နည်းပြအဖွဲ့ကို ရန်လိုမှုပြုလုပ်ခဲ့သည့် တိုက်စစ်မှူးဆွာရက်ဇ် ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**ဝါရှင်တန် စက်တင်ဘာ ၆**

မေဂျာလိဂ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်တာမီယာမီအသင်းနှင့် ဆီတယ်ဆောင်းဒါးအသင်းတို့ ပွဲစဉ်အပြီးတွင် တိုက်စစ်မှူး ဆွာရက်ဇ်က ပြိုင်ဘက်အသင်း နည်းပြအဖွဲ့ကို ရန်လိုမှု ပြုလုပ်ခဲ့သောကြောင့် လိဂ်ဖလားအဖွဲ့ချုပ်က ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းသည် ဆီတယ်ဆောင်းဒါးအသင်းကို ပွဲကစားချိန်အတွင်း သုံးဂိုးဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့၍ ဆုဖလားနှင့်လွဲချော်ခဲ့ရပြီးနောက် ပွဲအပြီးတွင် ဆီတယ်ဆောင်းဒါး အသင်းကစားသမား ဗားဂက်စ်နှင့် မီယာမီကစားသမား သောမတ်အဗီးလ်တို့ ရုန်းရင်းဆန်ခတ်မှု ဖြစ်ပွားခဲ့ရာ ဘက်ကွစ်က ပြိုင်ဘက်ကစားသမားကို တွန်းခဲ့ပြီးနောက် တိုက်စစ်မှူးဆွာရက်ဇ်ကလည်းပြိုင်ဘက်အသင်း နည်းပြအဖွဲ့ဝင်များကို တွန်းတိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် လိဂ်ဖလားအဖွဲ့ချုပ်က အဆိုပါဖြစ်စဉ်ကို စစ်ဆေးမှုပြုလုပ်ခဲ့ရာ ရုန်းရင်းဆန်ခတ်ဖြစ်ရာတွင်ပါဝင်ခဲ့သည့် ဘက်ကွက်စ်ကို နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် သောမတ်အဗီးလ်ကို သုံးပွဲပယ်ပြစ်ဒဏ် အသီးသီးချမှတ်ခဲ့ပြီး ပြိုင်ဘက်နည်းပြအဖွဲ့ကို ရန်လိုတိုက်ခိုက်ခဲ့သည့် တိုက်စစ်မှူးဆွာရက်ဇ်ကို ခြောက်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် ဆီတယ်ဆောင်းဒါး အသင်းမှ နည်းပြအဖွဲ့ဝင် လန်းဟက်ကိုလည်း ၂၀၂၅ လိဂ်ဖလားပြိုင်ပွဲတွင် ချမှတ်ထားသည့် စည်းမျဉ်းချိုးဖောက်မှုကြောင့် ငါးပွဲပယ် ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# အာဖရိကဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် မော်ရိုကိုအသင်း ပထမဆုံးခြေစစ်ပွဲအောင်မြင်သည့်အသင်းဖြစ်လာ

**ရာဘတ် စက်တင်ဘာ ၆**

၂၀၂၆အာဖရိကဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် မော်ရိုကိုအသင်းနှင့် နိုင်ဂျာအသင်းတို့ ကစားခဲ့ရာ မော်ရိုကိုအသင်းက ငါးဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သဖြင့် အာဖရိကဇုန်တွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်သည့် ပထမဆုံး အသင်းဖြစ်လာခဲ့သည်။

မော်ရိုကိုအသင်းသည် ခြေစစ်ပွဲ အုပ်စုအဆင့် ခြောက်ပွဲကစားအပြီးတွင် ခြောက်ပွဲစလုံးအနိုင်ရခဲ့သဖြင့် ရမှတ် ၁၈ မှတ်ရခဲ့သောကြောင့် လက်ကျန်ပွဲနှစ်ပွဲအလိုတွင်အုပ်စုဒုတိယနေရာမှ တန်ဇန်းနီးယားအသင်းကို ရမှတ်ရှစ်မှတ်ဖြတ်တောက်နိုင်ခဲ့၍ ကမ္ဘာ့ဖလား ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုအသင်း အနေဖြင့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကလည်း အာဖရိကအသင်းများထဲတွင်အကောင်းဆုံးအသင်းအဖြစ် မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်ထိ တက်ရောက်ခဲ့သော်လည်း ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရပြီး ယခုအမေရိကန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အဆိုပါမှတ်တမ်းကောင်းကို ထပ်မံထိန်းသိမ်းနိုင်ရန် မျှော်လင့်နေသည်။

မော်ရိုကိုအသင်းသည် ခြေစစ်ပွဲ အုပ်စုအဆင့် လက်ကျန်ပွဲစဉ်များအဖြစ် ဇမ်ဘီယာအသင်းနှင့်ပွဲစဉ်ကို လာမည့် စက်တင်ဘာ ၈ ရက်တွင်လည်းကောင်း၊ ကွန်ဂိုအသင်းနှင့်ပွဲစဉ်ကို လာမည့်အောက်တိုဘာ ၁၃ ရက်တွင်လည်းကောင်း ထပ်မံယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ မန်စီးတီးအသင်းခံစစ်ကစားသမား ဂွါန်စတုန်း ကြွက်သားဒဏ်ရာကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် အင်္ဂလန်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရသည်။
- ❑ ဝက်စ်ဟမ်းအသင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြပေါ်တာ၏နေရာတွင်အစားထိုးရန် ကိုဗင်ထရီအသင်းနည်းပြလမ်းပတ်ကို ခန့်အပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ❑ တူကီယဲကလပ် ထရာဇွန်စပေါ်အသင်းက မန်ယူအသင်းဂိုးသမားအိုနာနာကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# WBC International ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို မိုက်ကယ်ကွန်လန် ဆွတ်ခူး



**ဒပ်ဘ်လင် စက်တင်ဘာ ၆**

WBC International ဖယ်သာဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် အိုင်ယာလန်လက်ဝှေ့သမား မိုက်ကယ်ကွန်လန်နှင့် အင်္ဂလန်လက်ဝှေ့သမား ဘိတ်ဆင်တို့ စက်တင်ဘာ ၅ ရက်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့တွင် ထိုးသတ်ခဲ့ရာ မိုက်ကယ်ကွန်လန်က ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံခါးပတ်အား ဆွတ်ခူးခဲ့ကြောင်း သိရသည်။

မိုက်ကယ်ကွန်လန်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်ကစိန်ခေါ်ပွဲနောက်ဆုံး ထိုးသတ်ခဲ့ပြီးနောက် ကာလရှည်အနားယူခဲ့ပြီး ယခုနှစ်မတ် ၇ ရက်တွင် ပြိုင်ပွဲအတွင်း တစ်ကျော့ပြန် ဝင်ရောက်လာသည့်လက်ဝှေ့သမားဖြစ်ကြောင်း သိရသည်။

မိုက်ကယ်ကွန်လန်သည် ကာလရှည် အနားယူပြီးနောက် ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာခဲ့ရာ နှစ်ပွဲထိုးသတ်ပြီး နှစ်ပွဲစလုံးအနိုင်ရရှိကာWBC International ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ခဲ့သည်။

မိုက်ကယ်ကွန်လန်က "ကာလရှည် အနားယူခဲ့ပြီးတဲ့နောက် ကြိုးဝိုင်းထဲပြန်ဝင်ဖို့ ဆုံးဖြတ်တဲ့အချိန်မှာ လေ့ကျင့်ပြင်ဆင်မှုတွေ ပြင်းပြင်းထန်ထန် ပြုလုပ်ဖြစ်ခဲ့တယ်။ အနားယူရာကနေ ပြိုင်ပွဲအတွင်းပြန်ဝင်လာခဲ့တဲ့ ပွဲဦးထွက်မှာလဲ ရလဒ်ကောင်းခဲ့သလို ဒီချန်ပီယံ ခါးပတ်လုပွဲမှာလဲ လေ့ကျင့်ပြင်ဆင်ထားတဲ့အတိုင်း အကောင်းဆုံး လုပ်ပြနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ကျွန်တော်အခုလို အောင်မြင်မှုတွေ ပြန်ရလာခဲ့တာဟာ ကျွန်တော့်ရဲ့နည်းပြ ဂရန်စမစ်ကြောင့်ပါ။ နည်းပြကြီးကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL

# US Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဂျန်နစ်ခ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့ တက်ရောက်





**နယူးယောက် စက်တင်ဘာ ၆**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပနေသည့် US Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာက ကနေဒါ တင်းနစ်ကစားသမားဖိလစ်အူကာနှင့်လည်းကောင်း၊ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာသည် ဖိလစ်အူကာအား(၆-၁၊၃-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ်က ဂျိုကိုဗစ်အား(၆-၄၊ ၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာနှင့် ဖိလစ်အူကာတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပြိုင်ပွဲဝင်နှစ်ဦးစလုံးက လူငယ်ကစားသမားများဖြစ်ကြသည့်အတွက် ကြံ့ခိုင်မှုကောင်းမွန်ခဲ့ပြီး အပြန်အလှန်ဖိအားပေးနိုင်ခဲ့ကြသည်။

အယ်ကာရက်ဇ်နှင့် ဂျိုကိုဗစ်တို့ပွဲစဉ်တွင် အယ်ကာရက်ဇ်က လူငယ်တစ်ဦး ဖြစ်သော်လည်း ဂျိုကိုဗစ်အနေဖြင့် အသက်အရွယ်ပိုင်းအရ ကြံ့ခိုင်မှုပိုင်းအနည်းငယ်ကျဆင်းလာခဲ့ပြီး သုံးပွဲပြတ်ရလဒ်ဖြင့် အယ်ကာရက်ဇ်အား ရှုံးနိမ့်ခဲ့သည်။

တင်းနစ်လောက၏ ဂရန်းစလန်းဆုဖလားအများဆုံးဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသည့် ဂျိုကိုဗစ်အတွက် ယခုနှစ်အတွင်း ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲ ကုန်ဆုံးသွားပြီဖြစ်သောကြောင့် ၂၀၂၆ ခုနှစ်မှသာ ၎င်း၏ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုးစားခွင့်ရတော့မည်ဖြစ်သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့သည့် ဂျန်နစ်ခ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့သည် ကမ္ဘာ့အဆင့်(၁)နှင့် ကမ္ဘာ့အဆင့်(၂)နေရာတို့တွင် ရပ်တည်နေကြသည့် ကစားသမားများဖြစ်သလို ယခုနှစ်တင်းနစ်ရာသီ၏ အကောင်းဆုံး ကစားသမားများဖြစ်ကြသည့်အတွက် အကြိတ်အနယ်ရှိသည့် ဗိုလ်လုပွဲစဉ် ဖြစ်လာနိုင်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးဆု ဆန်ခါတင်စာရင်းများထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၆**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးဆုများ၏ ဆန်ခါတင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားစာရင်းတွင် အာဆင်နယ်အသင်းမှ ကာလာဖီအိုရီ၊ လီဗာပူးအသင်းမှ အီကီတီကီ၊ ဆိုဘော့ဇလိုင်၊ အဲဗာဆန်အသင်းမှ ဂျက်ဂရီးလစ်၊ ပဲလေ့စ်အသင်းမှ ဂူဟီ၊ မန်စီးတီးအသင်းမှ ဟာလန်း၊ ချဲလ်ဆီးအသင်းမှဂျာအိုပက်ဒရိုဘုန်းမောက်အသင်းမှဆီမီညိုတို့ ပါဝင်ခဲ့သည်။

အလားတူ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုဆန်ခါတင်စာရင်းတွင်လည်း ဆန်းဒါးလန်း အသင်းနည်းပြလီဘရစ်၊ ချဲလ်ဆီးအသင်းနည်းပြမာရက်စ်ကာ၊ အဲဗာတန်အသင်းနည်းပြဒေးဗစ်မိုယက်နှင့် လီဗာပူးအသင်းနည်းပြ အာနီစလော့တို့ ပါဝင်ခဲ့ကြသည်။

ဆက်လက်ပြီး တစ်လတာ အကောင်းဆုံး သွင်းဂိုးဆုအတွက် ဆန်ခါတင်စာရင်းတွင်ဝက်စ်ဟမ်းအသင်းမှ ဟာမန်ဆန်နှင့် ဆီလက်၊ ဝုဗ်အသင်းမှ ဂျိုးဆာ၊ ဖူလ်ဟမ်အသင်းမှလီနို၊ဘုန်းမောက်အသင်းမှ ဗီကာရီယိုနှင့် မန်စီးတီးအသင်းမှ ထရက်ဖို့ဒ်တို့ ပါဝင်လာခဲ့ကြကြောင်း သိရသည်။




Ref : Sky Sports

Trs : STA

# ခိုင်မာသောဖွဲ့စည်းမှု မွန်မြတ်သောတာဝန် မှန်ကန်သောရပ်တည်ချက်တို့ဖြင့် မဲဆန္ဒရှင်တစ်ဦး

**နိဒါန်း**

ကျွန်ုပ်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် နီးကပ်လာပြီဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲများကို ကြီးကြပ်ရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များသည် လာမည့် အထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ပေးရမည့် ပုဂ္ဂိုလ်များပင်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကိုလည်းသတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ကြမည်ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးအတွက် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းတာဝန်များကို ထမ်းဆောင်ကြမည်ဖြစ်သည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်းမူဝါဒ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ကော်မရှင်က တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်ထိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရသည်။ တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၄ အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။ ၎င်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းခြင်းမူဝါဒအရ အများယုံကြည်လေးစားခြင်းခံရသူကိုသာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ဒေသအခြေအနေအရ အများယုံကြည်လေးစားခြင်းခံရသူ အခက်အခဲရှိလျှင် သင့်လျော်သော နိုင်ငံ့ဝန်ထမ်းကို ဥက္ကဋ္ဌတာဝန်ပေးအပ်နိုင်ရန် ဥပဒေရေးထုံးကို သင့်လျော်စွာ ဆောင်ရွက်ထားခြင်းဖြစ်သည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိက အတွင်းရေးမှူးတာဝန်ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း မိမိတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ကော်မရှင်၏ မူဝါဒနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရသည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခြင်းခံရသူ အနည်းဆုံး သုံးဦးပါဝင်ပြီး သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးက အတွင်းရေးမှူး တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ချက် ရှစ်ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၁ ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် လေးချက်တို့ကို ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်။ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူဆောင်ရွက်ရသည်။ ကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေကပေးအပ်သည့် တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ ရွေးကောက်ပွဲကို သမာသမတ်ကျစွာဖြင့် လက်တွေ့ကျကျ ကြီးကြပ်ဆောင်ရွက်ရသည့်



ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြင့်သင်တန်းဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သည်။ ယခုဖွဲ့စည်းတာဝန်ပေးအပ်လိုက်သော ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ တာဝန်ပေးအပ်ခြင်းခံရသူများသည် အာဏာရပါတီ လောင်းရိပ်မရှိသဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းရှင်းပြီး သမာသမတ်ကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်မည့်ပုဂ္ဂိုလ်များ ဖြစ်သည်။

တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များ ဖွဲ့စည်းမှုမတူညီကြပါ။ အခြေခံအားဖြင့် ကော်မရှင် (Commission)၊ ကော်မရှင်နာများ (Commissioners)၊ ရွေးကောက်ပွဲအရာရှိများ (Returning Officers)၊ ရွေးကောက်ပွဲဝန်ထမ်းများ (Electoral Staffs) တို့ကိုမဏ္ဍိုင်ပြု၍ ဖွဲ့စည်းလေ့ရှိကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့ဖြင့် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်သည်။ ကော်မရှင်အဖွဲ့ခွဲများကို အများယုံကြည်လေးစားခြင်းခံရသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရွေးကောက်ပွဲအရာရှိတို့ဖြင့် ဖွဲ့စည်းသည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း အနှစ်သာရ**

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားခြင်းသည် ဒေသခံမဲဆန္ဒရှင်ပြည်သူများက ယုံကြည်သော၊ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များဖြင့် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ သမာသမတ်ကျစွာ ကြီးကြပ်ကျင်းပပေးခြင်း အနှစ်သာရကို ဖော်ဆောင်ထားခြင်းဖြစ်သည်။ ထို့ပြင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ရည်ရွယ်ချက်မှာလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များကို ဌာနကိုယ်စား တာဝန်ထမ်းဆောင်ရန်နှင့် မိမိကော်မရှင်အဖွဲ့ခွဲအား အထောက်အကူပြုရန်အတွက် ဖြစ်သည်။

ကော်မရှင်ကကြီးကြပ်ရသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းတွင် အများယုံကြည်လေးစားခြင်းခံရသည့်ပုဂ္ဂိုလ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသောဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိ၊ အတွင်းရေးမှူးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အများယုံကြည်လက်ခံသည့်ရွေးကောက်ပွဲတာဝန်ကို သမာသမတ်ကျစွာဖြင့် စနစ်တကျတာဝန်ထမ်းဆောင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်း အနှစ်သာရပင်ဖြစ်သည်။

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၈ အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ -

(၁) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊
(၂) လွှတ်တော် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊
(၃) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊
(၄) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊
(၅) ရရှိသည့်ရန်ပုံငွေများကို စနစ်တကျ သုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊
(၆) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊
(၇) ရွေးကောက်ပွဲနှင့် သက်ဆိုင်သောစာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊
(၈) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊
(၉) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊
(၁၀) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊
(၁၁) ကော်မရှင်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်းတို့ဖြစ်ပါသည်။

**ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ အခန်းကဏ္ဍ**

ကော်မရှင်အဖွဲ့ခွဲများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်သည် ရွေးကောက်ပွဲအတွက် နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ မဲစာရင်းပြုစုရာတွင် အခြေခံရသည့် မြေပြင်လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များကို အဓိက ပါဝင်ဆောင်ရွက်ရသည်။ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးအဆင့်ဆင့်သည် မဲစာရင်းပြုစုရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နေထိုင်မှု၊ ပြောင်းဝင်၊ ပြောင်းထွက်မှုစာရင်းများ မှန်ကန်စွာရရှိရေး၊ မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံသားဖြစ်မှုအခြေအနေများကို ဥပဒေနှင့်အညီ စိစစ်အတည်ပြုပေးရသည့်တာဝန်များကို အဓိကဆောင်ရွက်ရသည်။ အဖွဲ့ဝင် ဥပဒေအရာရှိများကလည်း ကော်မရှင်အဖွဲ့ခွဲအတွက် လိုအပ်သောဥပဒေရေးရာ အကြံဉာဏ်များကို ပေးအပ်ရသည်။ အဖွဲ့ဝင်ပညာရေးဌာနအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်ထိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်းများ ခန့်အပ်ထားသည်ဖြစ်ရာ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် ပညာရေးဝန်ထမ်းများကိုဦးစားပေး၍ တာဝန်ပေးအပ်ရသည်။ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဌာနနှင့် စိုက်ပျိုးရေးဌာနတို့ကလည်း ပညာရေးဌာနနည်းတူ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ ဝန်ထမ်းများ ခန့်အပ်ထားသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အဆိုပါဝန်ထမ်းများကို တာဝန်ပေးအပ်ရသည်။ အဖွဲ့ဝင် စာရင်းစစ်အရာရှိ အဆင့်ဆင့်သည် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် နိုင်ငံရေးပါတီများ၏ ပါတီပိုင်ပစ္စည်းနှင့် ရန်ပုံငွေစာရင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများကို ရွေးကောက်ပွဲ ဆိုင်ရာဥပဒေနှင့်အညီ စာရင်းကျွမ်းကျင်သူများဖြင့် စိစစ်ပေးရသည်။ စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ အဖွဲ့ဝင်သည် မြို့ပြစည်ပင်သာယာနယ်နိမိတ်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စနစ်တကျဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲကို အထောက်အကူပြုပေးရသည်။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှအဖွဲ့ဝင်က ကူညီဆောင်ရွက်ပေးရသည်။

ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဌာနဆိုင်ရာအရာထမ်းများသည် ရွေးကောက်ပွဲနှင့် ဆက်စပ်သော မိခင်ဌာန၏လုပ်ငန်းတာဝန်အပြင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲက ပေးအပ်သည့်တာဝန်များကိုလည်း ထမ်းဆောင်ရန် တာဝန်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အဖွဲ့စနစ်ဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရသော အဖွဲ့အစည်းများဖြစ်သည်။ ကော်မရှင်အဖွဲ့ခွဲများတွင် အဓိကဦးဆောင်ပုဂ္ဂိုလ်များမှာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရသူ ပွဲ့ကိုင်ရှင်မှာ ရွေးကောက်ပွဲအရာရှိ၊ အတွင်းရေးမှူးများပင်ဖြစ်သည်။

စာမျက်နှာ ၉ သို့ á

# အရှုံးမဲ့အနိုင်ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၂ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်




ရန်ကုန် စက်တင်ဘာ ၆

အရှုံးမဲ့အနိုင် ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၂ ရက်မှ စတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချာလီက ပြောပြ၍ သိရသည်။

အဆိုပါ အရှုံးမဲ့အနိုင်ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို Evren က ရေးသားထားပြီး ဟေမာန်ဟိဏ်း၊ အေးမြတ်ချို၊ စုလင်းလက်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ နိုရာကိုက Bonanza Production အတွက် တာဝန်ယူပုံဖော်ဖန်တီးရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဒရာမာဇာတ်လမ်းတွဲလေးပါ။ ကျွန်တော်နဲ့ ဝင့်ယမုံနိုင်တို့ နောက်တစ်ကြိမ်ထပ်ဆုံရတဲ့ ဇာတ်လမ်းတွဲ ဖြစ်တဲ့အတွက် အမုန်းမြစ်ထဲက ခက်ခက်မာနဲ့ သီဟဦးတို့အတွဲကို ထပ်မြင်ချင်နေတဲ့ ပရိသတ်တွေအတွက် ကျေနပ်ကြမဲ့ ဇာတ်လမ်းတွဲပါ။ ဒီဇာတ်လမ်းတွဲကတော့ ဒရာမာမို့ ချစ်ရ၊ လွမ်းရ၊ မျက်ရည်ကျရ၊ ရယ်မောပျော်ရွှင်စရာရသများစွာ ခံစားရမှာပါ"ဟု သရုပ်ဆောင် ချာလီက ပြောပြသည်။

အရှုံးမဲ့အနိုင် ရုပ်သံဇာတ်လမ်းတွဲတွင် စိုင်းစည်သွင်ခမ်း၊ ချာလီ၊ ဝင့်ယမုံနိုင်၊ စုထက်၊ သံစဉ် ဆည်းဆာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး CANAL+ ZAT LENN ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၂ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Amazon MGM စတူဒီယို၏ The Beekeeper 2 ဇာတ်ကား၌ မင်းသားကြီး ဂျရမီအိုင်ယွန်း ပါဝင်မည်

နယူးယောက် စက်တင်ဘာ ၆

Amazon MGM စတူဒီယို၏ The Beekeeper 2 ဇာတ်ကားတွင် အော်စကာဆုရမင်းသားကြီး ဂျရမီအိုင်ယွန်း ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

ဂျရမီအိုင်ယွန်းသည် မူလ The Beekeeper ဇာတ်ကားတွင် စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဝဲလေ့စဝက်ဝိုင်းအဖြစ် သရုပ်ဆောင်ခဲ့သည်။

The Beekeeper 2 ဇာတ်ကားတွင် ဂျရမီအိုင်ယွန်းသည် မင်းသား ဂျေဆင်စတာသမ်နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Beekeeper 2 ဇာတ်ကားကို ဒါရိုက်တာ တီမိုဂျာဂျန်တိုက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် တာဝန်ယူရေးသားမည်ဖြစ်ကြောင်း သိရသည်။

The Beekeeper 2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Beekeeper 2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon MGM က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၆

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ရုံးသစ်၌ စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးနေဝင်းထံမှ သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် သဘင်သက်ကြီး ပူဇော်ပွဲကို မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စာရင်းကောက်ယူမှုအရ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးကန်တော့ခံ သဘင်ပညာရှင်ကြီး ဦးရေ ၁၀၀၀ ကျော်ကို ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

"သဘင်အစည်းအရုံးဆိုတာကတော့ ကဏ္ဍပေါင်းစုံပါဝင်ပါတယ်။ သဘင်ရဲ့အစုအဖွဲ့မှာက ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ဆိုင်း၊ ဆပ်ကပ်၊ မျက်လှည့်၊ အိုးစည်စတဲ့ အဖွဲ့တွေပါပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသက် ၇၅ နှစ်နဲ့အထက် သက်ကြီးတွေတင် အယောက် ၁၀၀၀ ကျော်လောက်ရှိတယ်။ ကျွန်တော်တို့က တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နိုင်သလောက် ကန်တော့ပွဲလုပ်ဆောင်တာပါ။ ကန်တော့ခံ သဘင်ပညာရှင်တွေကို နှစ်စဉ်လှူဒါန်းမြဲစံနှုန်းအတိုင်း မလျှော့ဘဲ ပညာရှင်ကြီးတစ်ယောက်ကို ငွေကျပ်တစ်သိန်းနှုန်းနဲ့ လှူဖွယ်ပစ္စည်းတွေကို လှူဒါန်းသွားမှာဖြစ်ပါတယ်။ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီကနေ ည ၆ နာရီထိ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။ ASH

စာမျက်နှာ ၈ မှအဆက်

ထို့အတူ ရွေးကောက်ပွဲဆိုင်ရာဦးစီးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရသော ရွေးကောက်ပွဲဝန်ထမ်းများသည်လည်း ကော်မရှင်၏အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၂၂ နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၄ တို့အရ ကော်မရှင်သည် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်အလို့ငှာ လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့၏ ပင်မတာဝန်အပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများကဆောင်ရွက်ပေးရသော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးကိစ္စရပ်များသည်လည်း မဖြစ်မနေ လိုအပ်သည်။

**ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ အခန်းကဏ္ဍ**

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တိုင်းဒေသကြီး၊ ပြည်နယ်မှ မြို့နယ်အဆင့်ထိ ဖွဲ့စည်းမှုသည် ခိုင်မာပြီး စွမ်းဆောင်ရည်ရှိသော ကော်မရှင်အဖွဲ့ခွဲများအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သော်လည်း ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်မူ အများယုံကြည်လေးစားခြင်းခံရသည့်ပုဂ္ဂိုလ် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး (ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေး) တို့ဖြင့်သာ ဖွဲ့စည်းနိုင်သည်။ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုခြင်းနှင့် စိစစ်ခြင်း၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်မြေပြင်တွင် အနီးကပ်ထိတွေ့ဆက်ဆံရသူများဖြစ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းတို့ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရသူများဖြစ်သည်။ သို့ဖြစ်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အတွေ့အကြုံရင့်ကျက်မှုနှင့် ဥပဒေ လုပ်ထုံးလုပ်နည်း နားလည်ကျွမ်းကျင်မှုတို့ လွန်စွာအရေးကြီးသည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးနှင့်အရေးကြီးဆုံးဖြစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်သည်။

**မဲရုံအဖွဲ့များ၏ အခန်းကဏ္ဍ**

ရွေးကောက်ပွဲနေ့တွင် မဲရုံတစ်ရုံ၏ ရည်မှန်းချက်အောင်မြင်ပြီးမြောက်မှုသည် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်သည်။ မဲရုံများကို သတ်မှတ်ချက်နှင့်အညီ ခင်းကျင်း ပြင်ဆင်ခြင်း၊ MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း ငြိမ်ဝပ်ပိပြားမှုရှိစေရန် ကြီးကြပ်ခြင်း၊ မဲဆန္ဒရှင်များ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံအတွင်း စီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် စောင့်ကြည့်လေ့လာသူများကို စနစ်တကျ နေရာချထားခြင်း၊ မဲရုံနှင့် မဲရုံပရိဝုဏ်အတွင်း အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ မဲရုံအလိုက် ဆန္ဒမဲများတွက်ချက်ခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ခိုင်လုံမဲ သို့မဟုတ် ပယ်မဲသတ်မှတ်ခြင်း၊ မဲရုံ၏ ဆန္ဒမဲရလဒ်စာရင်းများ ပြုစုခြင်းနှင့် ဆန္ဒမဲရလဒ်စာရင်းများ ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲဥပဒေက မဲရုံမှူးသို့ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်သည်။

မဲရုံမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသည့် တာဝန်များကို ထမ်းဆောင်ကြရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သော ဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစီးပေးအစီအစဉ်အတိုင်း ခန့်အပ်ရသည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံ မဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ဒေသခံပြည်သူများဖြင့်လည်း သတ်မှတ်ဦးရေအတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဖြစ်ရာ ရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးလှပေသည်။

**ရွေးကောက်ပွဲတာဝန်ရှိသူတို့ လက်ကိုင်ပြုရမည့်အချက် ၆ ချက်**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့များ၊ ရွေးကောက်ပွဲဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ရွေးကောက်ပွဲတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။ ဂုဏ်ယူမြတ်နိုး တန်ဖိုးထားရသည့် မွန်မြတ်သော တာဝန်ထမ်းဆောင်မှုဖြစ်ပြီး တာဝန်လည်းကြီးသည်။ ရွေးကောက်ပွဲကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရသူများအနေဖြင့် (၁) ဥပဒေနှင့် နည်းဥပဒေ (၂) လုပ်ငန်းလမ်းညွှန် (၃) အမိန့်နှင့် ညွှန်ကြားချက် (၄) လုပ်ငန်းကျွမ်းကျင်မှု (၅) သမာသမတ်ကျမှု (၆) ကျင့်ဝတ်စောင့်ထိန်းမှု ဤအချက် ၆ ချက်ကို မယိမ်းမယိုင် လက်ကိုင်ပြု၍ သမာသမတ်ကျပြီး ဥပဒေနှင့်ညီညွတ်သော ရွေးကောက်ပွဲများအတွက် မှန်ကန်စွာ ရပ်တည်ဆောင်ရွက်ကြမည်ဖြစ်သည်။

**နိဂုံး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့များအနေဖြင့် ခိုင်မာသော ဖွဲ့စည်းမှု၊ မွန်မြတ်သောတာဝန်၊ မှန်ကန်သော ရပ်တည်ချက်တို့ဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ဦးဆောင် ပုဂ္ဂိုလ်များဖြစ်ကြသော အများယုံကြည်လေးစားခြင်းခံရသူဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ပညာရှင်ပီသသော ရပ်တည်မှု၊ ဌာနဆိုင်ရာအဖွဲ့များ၏ တာဝန်ကျေပွန်မှု၊ ရွေးကောက်ပွဲအရာရှိ အတွင်းရေးမှူးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ကော်မရှင်ဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု အခန်းကဏ္ဍ အရေးကြီးပုံကို နိုင်ငံ့ဝန်ထမ်း မဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဂုဏ်ပြုတင်ပြအပ်ပါသည်။

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses 2nd meeting for Myanmar-China economic cooperation promotion



Senior General Min Aung Hlaing addresses the 2nd meeting for Myanmar-China economic cooperation promotion.

**Nay Pyi Taw September 6**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered a speech at the second meeting of the Myanmar-China economic cooperation promotion at Shangri-La Hotel in Chengdu, Sichuan Province, the People's Republic of China, at 1 pm Chinese standard time today.

Also, present at the meeting were members of the Myanmar delegation, the Chinese Ambassador to Myanmar, the Myanmar Ambassador to China, the president and members of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), those wishing to invest in Myanmar and investors, Chinese businesspersons and economists from Yunnan Province, Shchuan Province, Chongqing Municipality and Hunan Province and officials, totalling more than 120.

Speaking at the meeting, the Acting President and SSPC Chairman of the Republic of the Union of Myanmar said that as Myanmar and China share a border of more than 1,300 miles, it is important for economic, social, border trade, infrastructure development, improved transportation links, and peace and stability in the border areas. Diplomatic relations between the two countries were established in 1950, and since then, their relations have grown to the level of a comprehensive strategic partnership and close, fraternal ties as good neighbours. In particular, economic cooperation between the two countries has expanded, especially in trade and investment, as well as in various other sectors. In 2011, the Myanmar-China Comprehensive Strategic Cooperative Partnership was launched, which opened up positive prospects for economic and trade cooperation, leading to a significant increase in bilateral trade and investment.

China is Myanmar's largest trading partner and the second-largest investor among 53 countries investing in Myanmar. The total trade value between the two countries amounted to over US$8 billion in financial year 2023–2024, over US$7.7 billion in FY 2024–2025, and over US$3 billion up to July of FY 2025–2026, reflecting the strong and stable trade relations between the two countries. Myanmar mainly exports agricultural products such as rice, various types of beans and pulses, and sesame, as well as raw materials like rattan and hardwood, along with wood-based finished products to China. In addition, Myanmar is striving to produce higher value-added wood-based products for distribution in both domestic and international markets. Both countries have expressed the intention to further expand bilateral trade and investment.

Since our two countries share a common border, border gates play an important role in trade. Under the bilateral agreement on border region management and cooperation, there are a total of eight border trade gates along the Myanmar-China border. At present, due to security conditions, only the Muse–Ruili gate remains open, while the other border trade gates have been suspended as a result of armed terror attacks by ethnic armed groups, which has negatively affected bilateral trade. As border trade directly contributes to the socio-economic development of the peoples of both countries, it is necessary to cooperate as much as possible to ensure stability and peace in the border areas and to enable the resumption of trade activities.

At present, instability in the Myanmar-China border areas has also affected the economies of Yunnan Province, Sichuan Province, and Chongqing Municipality. If the border gates between the two countries can be reopened, not only will the flow of goods improve beyond previous levels, but trade routes can also be expanded from Myanmar's northeastern region to Yunnan, Sichuan, Chongqing, Guangxi, and Nanning City. This trade route would become a major trade corridor for both Myanmar and China, while also serving as a land bridge linking China's southeastern, central, and southern regions to Myanmar, and further connecting to ASEAN countries for economic and trade cooperation. Therefore, it is essential for both countries to prioritize cooperation in ensuring stability and security in the border areas. Once trade routes are restored and expanded, both sides will be able to further increase the variety of goods and value-added products for export, improve and extend transportation infrastructure, and continue efforts to attract greater investment.

With China's support, projects are being implemented in Myanmar for socio-economic development in the fields of education and healthcare, and for infrastructure development in sectors such as electricity and energy, agriculture, industry, and transport and communications sectors. Since Chengdu is the main economic centre in western China, there are many opportunities for cooperation with Myanmar in trade, technology, tourism, energy, and other sectors. Chengdu hosts numerous enterprises, including electronics and IT companies such as Intel, Foxconn, and Dell, as well as industries engaged in automobile manufacturing, food processing, and pharmaceuticals. Chengdu is making significant progress in the technology sector, and it has been designated as the first pilot zone for AI innovation and application in western China. In this regard, Myanmar would like to pursue cooperation with these industries.

At present, there are many sectors in which Myanmar and Sichuan Province are cooperating. To strengthen collaboration in areas such as economic development, trade, infrastructure construction, agriculture, healthcare, and education between Sichuan Province and Mandalay Region, plans are underway to sign a memorandum of understanding to establish a framework for friendly and cooperative relations. Similarly, a memorandum of understanding is also planned to be signed between Chengdu and Yangon, Myanmar's commercial hub, to establish a sister-city relationship based on goodwill. In addition, efforts are being coordinated to further enhance economic and trade cooperation between Myanmar and Sichuan Province, promote tourism, cultural exchanges, and people-to-people interactions, and to resume the Yangon–Chengdu passenger air routes that were suspended during the COVID-19 pandemic.

Myanmar is a country with significant trade opportunities because it shares borders with the world's most populous countries, China and India, as well as the densely populated Bangladesh. Furthermore, Myanmar is geographically situated at the strategic confluence of South Asia, Southeast Asia, and China. In terms of connectivity, it is located at a crossroads and can serve as a country that creates an outlet to the Indian Ocean for China. Therefore, we would like to highlight that the transportation and infrastructure sectors hold substantial potential for China.

We would like to mention that Myanmar is participating in the Belt and Road Initiative (BRI), led by China. This initiative consists of two main pillars: the Silk Road Economic Belt, which is the overland route connecting China with European countries, and the 21st Century Maritime Silk Road, which is the sea route connecting Southeast Asia, Africa, and Europe.

The BRI includes six international corridors. Myanmar is involved in two of them: the Bangladesh-China-India-Myanmar (BCIM) Economic Corridor, which can utilize both road and sea routes, and the China-Indochina Peninsula Economic Corridor. Myanmar is the largest mainland country in Southeast Asia and is strategically important geopolitically. It is also a part of both the Asian Highway and the Trans-Asian Railway networks, making it a crucial country within the Belt and Road Economic Sphere. Under this initiative, the China-Myanmar Economic Corridor (CMEC) has been established. Efforts are underway to facilitate trade and investment and to create special economic cooperation zones in border areas.

*See Page 14*

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation visit China Southwest Architectural Design and Research Institute Corporation (CSWADI)



Senior General Min Aung Hlaing views documentary photos at China Southwest Architectural Design and Research Institute Corporation (CSWADI).



Senior General Min Aung Hlaing exchanges gifts with an official of CSWADI.

**Nay Pyi Taw September 6**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who was on a working visit in Chengdu in Sichuan province, accompanied by Commission Secretary Joint Executive Chief General Ye Win Oo, and other members of the high-level Myanmar delegation, visited China Southwest Architectural Design and Research Institute Corporation (CSWADI) at 11 am local time today.

The Senior General and delegation arrived at China Southwest Architectural Design and Research Institute Corporation(CSWADI) and were welcomed by officials there.

The Senior General and party were conducted round the displays on energy conservation construction projects, high-rise buildings, bridges, hotels, sports stadiums, hospitals, worldwide construction undertakings, new designs for erecting earthquake-resistant structures after conducting research on quake-affected buildings, research on earthquake resistance, and construction projects in Myanmar of CSWADI. The Senior General joined in the discussions and asked for further information.

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing signed the visitor's book of CSWADI, exchanged gifts with an official of the corporation and posed for group documentary photos. 100




Senior General Min Aung Hlaing poses for a group photo with officials of CSWADI.

*From Page 12*

On the second point, regarding the 75th anniversary of China-Myanmar diplomatic relations, while our diplomatic ties have officially reached 75 years, the relationship between our two countries dates back much further. As neighbouring nations, China's development benefits Myanmar, just as Myanmar's progress and stability contribute to China's development. The familial bond we share is unique to China and Myanmar. We have agreed to build a shared community with a shared future as strategic partners. During my tenure, we in Myanmar are committed to prioritizing this relationship, and we see China actively cooperating with us, as is evident to all. While China-Myanmar relations are at their best and highest level currently, we aim to make them even better, stronger, and more cooperative in the future. "Good" is not a static state—there's always room for improvement. China's development serves as an example, and both sides must strive to make our cooperation even better. On this trip, I can say that we have achieved progress beyond yesterday's state. Thank you.

**Question :** Respected President, I am from Sichuan Daily. I have two questions. First, how do you feel about your current visit to Sichuan, and what benefits have you gained? Second, in which areas do you hope to strengthen cooperation between Sichuan and Myanmar?

**Answer:** The main purpose of my visit to Sichuan is to come to Chengdu. Including this trip, I have visited Chengdu five times, with my first visit 18 years ago in 2007. Over these visits, I have observed tremendous development in Chengdu, which represents Sichuan. I am truly impressed. We discussed cooperation with your Party Secretary, and both sides have agreed to collaborate. There are vast areas for cooperation between Sichuan and Myanmar. Sichuan excels in industrial technology, education, and agriculture. However, Myanmar has abundant agricultural products, natural resources above and below ground, and marine products that Sichuan lacks. If we cooperate in these areas, it would be equivalent to working directly with China as a whole. We are planning to implement air transport initiatives as quickly as possible. As trade grows, air connectivity will also increase. Compared to the past, I expect cooperation between Sichuan and Myanmar to grow exponentially. I invite Sichuan's media to visit Myanmar and explore opportunities. Only by visiting will you fully understand the potential for collaboration. Thank you. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing replies to questions raised by media in Chengdu






Senior General Min Aung Hlaing replies to questions raised by media in Chengdu.

**Nay Pyi Taw September 6**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, while in Chengdu of China, replied to queries on his working visit raised by new media from China at Shangri-La Hotel in Chengdu this afternoon.

At the interview, Chinese media such as Chengdu Daily, Chengdu Business Daily, West China Metropolis Daily, Chengdu Television (CDTV), Sichuan Television (SCTV), China Central Television (CCTV), People's Daily Online and Xinhua News Agency of China raised questions to Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing during his working visit to China on his attendance to the Shanghai Cooperation Organization-SCO SUMMIT 2025 and the parade to mark the 80th Anniversary of the Victory in the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War, holding the Myanmar-China economic cooperation promotion meetings in Tianjin and Chengdu to enhance investment and trade between the two countries, and promotion of friendship and cooperation.

In meeting with media personnel, the Acting President and SSPC Chairman of the Republic of the Union of Myanmar explained his attendance to the SCO Summit, and holding meetings with Chinese businesspersons to enhance investment and economic cooperation between the two countries. His clarifications are as follows: -

Mingalaba! Everyone. Following an invitation from Mr Xi Jinping, President of the People's Republic of China, I visited China on a goodwill trip from 30 August until today, 6 September, for a total of eight days. On the first day, 31 August, I attended the Shanghai Cooperation Organization (SCO) summit in Tianjin. At that meeting, Myanmar, as a dialogue partner country, had already participated in 2023. In line with the invitation from the Chinese President, I attended this summit and delivered a speech. During the event, the President of the People's Republic of China discussed five proposals under the Global Governance Initiative for reforming and improving global governance. These proposals are consistent with the current state of the world. He highlighted that there are developed countries, developing countries, and impoverished countries around the world. While circumstances differ from country to country, some conditions are similar. Yet, powerful nations often exert political, economic, financial, and military pressure on both equally powerful countries and weaker nations. So, President Mr Xi Jinping emphasized this issue and explained the need for reforms and changes to address it. Therefore, Myanmar fully supports these five proposals, and we discussed this position during the meeting. World leaders also expressed their support. I would like to say that the Shanghai Cooperation Organization summit was a complete success. Continuing the trip, on 3 September, I attended the ceremony marking the 80th Anniversary of the Victory in the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War. It was an extremely grand military exhibition. It was a great military parade. First, I observed the highly organized training of the Chinese military, which is impressive. Second, I saw the full discipline of the Chinese people. Third, I witnessed the high level of China's national defence capability. Furthermore, it is evident that China is able to provide protection globally. Some of the defence equipment I saw was beyond our expectations, and we believe it can safeguard the world against threats from powerful countries. Given that this anniversary commemorates 80 years since the people endured oppression by fascists, this parade was highly meaningful and impactful. During this trip, I also visited Heilongjiang Province in northeast China and Sichuan Province, where I am today, as part of a goodwill mission to enhance cooperative efforts between our two countries. This concludes today's trip.

During the rest of the trip, while examining how our two countries can cooperate in various sectors, I found that there are many opportunities for joint collaboration. Regarding economic matters, both sides also have numerous opportunities for trade to work together. In Tianjin, Sichuan, Harbin, and Chengdu, I met with major Chinese businesspeople and spoke openly about the economic opportunities in Myanmar. The Union ministers accompanying me were able to provide detailed explanations. The Chinese businesspeople actively participated in discussions and meetings, showing great interest, which gives both sides high expectations for increased economic cooperation. This was my 12th visit to China, and I would like to say that this trip has been the most successful one so far. Myanmar is a trustworthy and good neighbouring friend of China. China has also always hoped to have Myanmar as a reliable partner. I want to emphasize that this trip created strong and confident opportunities for cooperation between our two countries. I also hope that China will continue to work closely with Myanmar. The participation of everyone here has contributed to making this a successful trip. Thank you all.

Afterwards, questions of media were replied as follows: -

**Question:** Esteemed Acting President, I am a reporter from People Daily Online Media. My question is regarding China–Myanmar relations and diplomatic ties, which have now reached their 75th anniversary this year. As the Acting President, I would like to know in which sectors the two countries will continue to collaborate strategically in the future, and how you plan to further promote cooperation and harmony between China and Myanmar.

**Answer:** As I mentioned earlier, Myanmar and China are countries with shared Shwemyo Pauk-Phaw relationship. They also share a border of approximately 1,300 miles as neighbouring countries. The history between the two nations includes interactions spanning many years, and the bilateral relationship has been built on complete trust. Therefore, we will continue to collaborate across all sectors. Moreover, China has an advantage in renewable energy (Green Policy). Since this policy aligns with our own approach of sustainable development and environmental care, we plan to leverage China's experience to cooperate in a way that allows Myanmar to also benefit from the results today.

**Question:** I am from Xinhua News Agency. I have two questions. First, Myanmar is a partner country of the Shanghai Cooperation Organization (SCO). Your Excellency attended the SCO Plus meeting held in Tianjin at the invitation of our President. During the meeting, our President spoke about the Global Governance Initiative (GGI). What is Your Excellency's perspective on the initiative proposed by President Xi Jinping, and what kind of impact does this initiative have on the current global landscape? That's the first question. The second question is about the 75th anniversary of China-Myanmar diplomatic relations this year. During the meeting in Tianjin, President Xi Jinping noted that China-Myanmar relations are akin to familial ties, rooted in a long history of people-to-people connections. Both sides are deepening strategic cooperation based on the 75th anniversary of diplomatic relations, promoting the building of a shared China-Myanmar community with a shared future, which brings prosperity and well-being to the people of both nations. What are Your Excellency's comments on the development of China-Myanmar bilateral relations?

**Answer:** Regarding the SCO Plus meeting, President Xi Jinping presented five points under the Global Governance Initiative. As I mentioned earlier, we see major powers in the world engaging in various forms of domination—political, economic, religious, and military. For instance, the United States imposes tariffs and pressures your country, China. We, too, face similar pressures, not only in financial matters but also politically and economically. These are challenges we encounter. At this time, the five points of the initiative highlight the weaknesses in the global system and emphasize the need for reform. That's why I believe we should work together—countries must collaborate. President Xi Jinping has stated that China is ready to face any pressure or threat, and we understand this commitment. We trust that China has the capability to manage and address these issues.

*See Page 11*

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation, who held talks with heads of states of global countries for national development during the working visit to People’s Republic of China, accorded a rousing welcomed by the people


Senior General Min Aung Hlaing waves at crowds of people giving him a rousing welcome back.

**Nay Pyi Taw September 6**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation, who attended the Shanghai Cooperation Organisation – SCO SUMMIT 2025 Plus and the 80th Anniversary of the Victory of the Chinese People'sWar of Resistance Against Japanese Aggression and the World Anti-Fascist War in the People’s Republic of China at the invitation of the President of PRC H.E. Mr. Xi Jinping left Chengdu Shuangliu International Airport in Chengdu, Sichuan province by a special flight of Myanmar International Airways for Tatmadaw airport, Nay Pyi Taw this afternoon, and were seen off at the airport by PRC Ambassador to Myanmar H.E. Ms. Ma Jia, Myanmar Ambassador to PRC U Tin Maung Swe, Myanmar Military Attache (Army, Navy and Air) Brig-Gen Zaw Zaw Naing, the vice governor of Sichuan province, Myanmar Consul General U Kyaw Zeya Lin of Consulate General in Chongqing and officials.


Senior General Min Aung Hlaing being welcomed back by Chinese traditional dragon troupes.

Together with the Senior General, members of the delegation, Commission Secretary Joint Executive Chief General Ye Win Oo, Commission member Union Minister for Foreign Affairs U Than Swe, Commission member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, Union ministers, Dr Wah Wah Maung, U Min Naung and U Chit Swe, Chief Minister of Ayeyawady Region U Tin Maung Win, senior military officers from Office of Commander-in-Chief, deputy ministers and military and civilian officials left the airport on board the same flight.

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and high-level Myanmar delegation arrived back in Tatmadaw airport in Nay Pyi Taw in the evening, and were welcomed by Vice Chairman of the Commission Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Commission member Executive Chief U Aung Lin Dway, Commission members, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, officials of PRC embassy and military attaché office in Myanmar, Myanmar citizens of Chinese descendants, Chinese traditional dragon and lion dance troupes, ethnic cultural troupes, interfaith organizations, artists and local people

Moreover, the people accorded a rousing welcome by chanting slogans, “Long live China-Myanmar friendship, We wish health for Senior General Min Aung Hlaing for your endeavours in the interest of race, language and religion, May Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing enjoy health, Let’s pray for a firmer China-Myanmar friendship, Long live China-Myanmar friendship”; holding placards that read, “Long live China-Myanmar friendship, We wish health for Senior General Min Aung Hlaing for your endeavours in the interest of race, language and religion, May Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing enjoy health, Let’s pray for a firmer China-Myanmar friendship, Long live China-Myanmar friendship, May Myanmar-China paukphaw kinship friendly relations be successful through thick and thin’; and waving mini flags of the two countries.

During the return trip, the Senior General gave answers to the questions of the press. The full text of the interview is as follows:

Beginning 30 August, I attended the Shanghai Cooperation Organisation – SCO SUMMIT 2025 Plus in Tianjin at the invitation of President of the People’s Republic of China H.E. Mr. Xi Jinping. SCO member states, observer countries and dialogue partners were also present the summit. I could hold bilateral talks with many of the State leaders. On 3 September, I attended the 80th Anniversary ofthe Victory oftheChinese People'sWar of Resistance Against Japanese Aggression and the World Anti-Fascist. They were excellent events. In fact, they were the venues for cordial discussions on global issues and situation. During my meetings with state leaders, I discussed matters on mutual cooperation based on common interest, and explained the election to be held in Myanmar in the coming December. All the leaders of the states and institutions I met fully understood Myanmar’s situation and expressed support for it. They all were in favour of the election, I have mentioned earlier, to be held in December, and they wished success for it. Recently, I proceeded to Harbin in northeast China and studied agricultural undertakings, electronic and engineering activities. In addition, I went to Chengdu in Sichuan province, my final trip in China visit. Sichuan is a quake-hit province that could effectively conduct rehabilitation undertakings. Officials from the province shared their experience with us. We also discussed agricultural activities and the talks with very encouraging. I held a meeting both in Tianjin and Chengdu with Chinese business representatives and companies. Union ministers of the delegation gave answers to the questions raise by them. I also joined in the talks and provided them with important facts.

*See Page 14*



Senior General Min Aung Hlaing answers media questions on board the plane.

*From Page 13*

I would say that there was significant progress in economic cooperation between the two countries based on common interest. We had witnessed China's all-round prioritization of the AI technology. Whether it was green zone or green revolution, China is giving much priority to greening, and it is a fine example for our country, as we are also realizing the slogan "Let us protect our environment for the prosperity of the Nation." It is our policy. We are going to drive our country with renewable energy. So, we need more discussions and cooperation in this area, and conduct production activities. Importing goods from China alone is not enough, we also need to export goods to it. So, we must implement the production industry. So, we are striving in accord with the slogan "Let us encourage production for prosperity of the Nation." We need to work for our country as we can't stay idle. Another thing is China's highly advanced technology. I have been there twice, and witnessed the amazing development of China, and they are its realities. We need a lot to catch up with China. We need good education foundation to acquire technological and intellectual knowledge.

We must improve this foundation. We will be able to stand shoulder to shoulder with China only if we have plenty of educated persons and higher education level. A question Chinese people asked is whether they can get human resources if they set up businesses in Myanmar and the occupational regulations. Our law is to work and we need human resources to work with them. Without human resources, it is impossible to join hands with them. So, I want to tell my country to work hard, and for this we need national peace and stability, which calls for all to work with a conviction. We will never change our stand. We will make it.

After the election in December, we will continue our multiparty democracy in accord with the new path chosen by the people. We will never fully enjoy the fruits of progress, if there are disputes and acts that go against the said goal. So, we need peace and stability that can be achieved through political awareness. First, we must try to achieve peace and stability, and then the education. We must actually promote education, and we need to work. Only with all these undertakings we will be able to fully realize the results of the recent visit. 100

---

*From Page 10*

Under the CMEC framework, six Early Harvest Projects are being implemented.

We would like to speak about the projects being implemented between the two countries under the China-Myanmar Economic Corridor. China is working on many important projects in Myanmar, such as the Kyaukphyu Deep Seaport Project, the China-Myanmar Railway Project, and the China-Myanmar Cross-Border Power Grid Project. Among these, the China-Myanmar Railway Project is a significant initiative that can yield excellent benefits for border trade between our two countries.

If these railway projects are successfully implemented and enable trade, we see good potential for trade to extend even to the Russian Federation. Although geographically distant from us, Myanmar maintains good relations with Russia. Myanmar is centrally located between Russia, China, and India—countries that span both Asia and Europe—making it a strategic hub for trade and economic activities. We have already opened Myanmar Consulates-General in Novosibirsk, a central hub in Russia, and in St. Petersburg, a European seaport city, hoping to increase the flow of goods between our two countries. We also have Consulates-General in Chongqing, Kunming, Nanning, and Hong Kong in China, which will help smoothly promote bilateral trade. Since China is located between Myanmar and Russia, if Myanmar, China, and Russia can collaborate to expand trade, it could create excellent opportunities that greatly facilitate regional goods flow.

Myanmar was one of the first countries to ratify the Regional Comprehensive Economic Partnership (RCEP) agreement. China has confirmed that Myanmar's participation in the RCEP agreement came into effect on May 1, 2022. Besides RCEP, due to the China-Myanmar Bilateral Investment Treaty, the ASEAN-China Free Trade Area (ACFTA) agreement, and the protections and facilitations under Myanmar's investment law, we believe that cooperation between our two countries, as well as regional collaboration, will be solidly strengthened.

Within the eight priority areas of the Global Development Initiative (GDI), led by China, there are many sectors suitable for Myanmar. Therefore, our country, Myanmar, is one where businesspeople have many opportunities to make investments. To facilitate the operations of our Chinese partner businesspeople in Myanmar, we are implementing a direct Kyat-Yuan payment system for trade, border money transfers, and investments. We wish to further increase trade and investment through the border trade gates between our two countries. Therefore, we have significantly provided benefits and tax exemptions for our partner businesspeople, and we will strive to ensure that those who come to invest and trade in Myanmar do not suffer losses. Furthermore, to develop investments between Myanmar and China, it is necessary to form a Myanmar-China Businesspeople Cooperation Association and implement measures for rapid business development. We are considering measures to facilitate investment by Chinese businesspeople in Myanmar using the Yuan currency and for direct investment, and we expect to provide an answer soon.

A free and fair election will be held in Myanmar in December and political stability will be stronger. When stability has been restored, business opportunities will improve. natural and human resources and Chinese investments will combine to create significant outcomes for the two countries.

It is my pleasure to get the opportunity to discuss potentials for bilateral cooperation that will be greatly beneficial to both countries with business people, scholars and experts from Myanmar and China. Everyone is invited to invest in economic cooperation in Myanmar confidently. It is believed that relations between the two countries will strengthen and improve cooperation in the future.

Then, Chinese companies that were interested to invest in Myanmar and companies from Yunnan Province, Sichuan Province, Chongqing Municipality and Hunan Province that have already invested in Myanmar discussed relief operations and surveys of organizations from China after the Mandalay Earthquake, willingness to invest in post-earthquake rehabilitation and solar power generation projects, inquiries about export and import policies adopted by Myanmar, willingness to cooperate in construction industries and digital technologies, the need to accept Yuan direct payment systems for improvement of investments, inquiries about capabilities for protection of investments, the need to solve the delays in application processes for imports, willingness to export agricultural machinery and equipment for agricultural works in Myanmar, the need to continue to implement China-Myanmar Economic Corridor and willingness to participate in economic development in Myanmar.

In connection with discussions and inquiries, union minister, who joined the working visit, explained their relevant sectors including measures taken for permissions to invest and to carry out tender works in accordance with rules and regulations, development of solar power generation, willingness to accept investments in Myanmar, permissions for land use for investments in accordance with standards and the Myanmar Fallow, Vacant and Virgin Lands Law, willingness to invite investors to Myanmar to hold negotiations, adoption of policies for hiring technicians, exports of Paw Hsan Hmwe rice produced in Myanmar to China, application of licenses for imports of machinery for development of garment industry in accordance with rules and regulations, willingness to accept investments for agricultural machinery in Myanmar and to boost agricultural production and bilateral cooperation for CMEC.

Regarding the discussion, the Senior General said Myanmar has been cooperating with the Chinese government for rehabilitation of areas hit by the earthquake. In doing so, construction tasks are being carried out with Chinese companies. Permissions to carry out tasks will be issued if they comply with rules and regulations. Construction tasks for government buildings will be carried out under the State arrangement and Chinese companies are allowed to reconstruct private buildings in cooperation with the UMFCCI. If Chinese companies want to carry out tasks by depositing advance cash, permissions will be granted. Measures are being taken to allow investments through the Yuan direct payment system and negotiations will be held with responsible officials to allow the Kyat direct payment system as soon as possible after arriving back in Myanmar. As the Myanmar currency is being sanctioned, the Yuan-Kyat direct payment system will facilitate operations.

Then, the Senior General delivered a concluding speech, stating that the purpose of his visit was to enhance cooperation between the two countries. He said they would discuss economic cooperation with the states bordering Myanmar and work to further improve trade. He emphasized the need for Myanmar to import goods from China and for China to import goods from Myanmar to promote trade. To this end, he noted that efforts are underway to facilitate direct payments between the Chinese yuan and the Myanmar kyat. He also suggested that by purchasing goods from Myanmar, China would enable Myanmar to purchase goods from China in return.

The Senior General stated that the country possesses abundant natural resources, including land, underground, and water resources. He emphasized that mutual trade through border commerce would benefit both nations. He called for cooperation to ensure peace and stability in border regions and announced that Myanmar is arranging to allow investments in yuan. Additionally, he stated that the country would not permit the export of raw materials and would only allow the export of semi-finished or finished goods.

Therefore, he encouraged investors from China to come and invest in Myanmar.

He further stated that Myanmar will permit the importation of necessary machinery for manufacturing companies that have invested in the country. The government will also allow existing investors to upgrade their facilities. He concluded by inviting companies to engage in discussions on these matters.

He called for investments in renewable energy projects, specifically solar and hydropower, to protect the environment. He assured potential investors that security protection would be provided. He also expressed confidence that stability and peace would improve after the country's upcoming elections. He described Myanmar and China as having a "pauk-phaw" relationship, highlighting that they are strategic partners and trusted, genuine friends. He concluded by inviting Chinese investors toboldly seize investment opportunities in Myanmar.

Then, the Senior General cordially greeted Chinese businesspeople and economic experts. 100

# Tatmadaw recaptures Kawkareik-Thin Gan Nyi Naung-Myawaddy Asia Highway temporarily controlled by KNU terrorist insurgents


Documentary photo of Tatmadaw columns recapturing local battalion bases temporarily controlled by terrorists.


Documentary photo of Tatmadaw columns recapturing areas temporarily controlled by terrorists.


Documentary photo of Tatmadaw columns recapturing areas temporarily controlled by terrorists.


Documentary photo of weapons/ammunition and related materials seized from terrorists.

**Nay Pyi Taw September 6**

KNU/KNLA terrorist insurgents provided shelter to violent protestors, who escaped to border areas in Kayin State, Mon State and Tanintharyi Region as a consequence of violent protests of NLD extremists in some towns in Myanmar caused by political situation in 2021, under false pretences of humanitarian considerations, to receive financial assistance from powerful foreign countries and to deliberately conducted terrorist trainings for them to cause military conflicts that would lead to the total collapse of the country. Then, it mobilized them as a combat force to control Hpa-an-Kawkareik-Myawaddy Asia Highway, to halt border trade commodity flow and government mechanism and to establish independent Kawthoolei State and government by capturing Myawaddy, Kawkareik and Hpa-an, a military daydream of them.

In doing so, KNU/KNLA terrorist insurgents strengthened their forces by conducting terrorist training courses for politically instigated students/youths and government employees who joined the DCS, by giving them false political and military motives to radicalize them and arming them and mobilizing them by giving hopes to force the Tatmadaw to abandon its political role forever and to establish a federal union.

Afterward, the so-called KNU/KNLA and PDF terrorist insurgents launched surprised attacks at major outposts the Tatmadaw responsible for operations and control of areas near the Thanlwin River starting from March, 2021 by using so-called PDG they trained as cannon fodder suicide forces and try to seize local battalions, units and battlefield headquarters in Thin Gan Nyi Naung and Myawaddy areas by outnumbering them for 28 days between 7 March and 5 April, 2024. Myawaddy did not suffer losses as Tatmadaw personnel and border guard forces relentlessly warded them off, Thin Gan Nyi Naung station was temporarily abandoned temporarily due to heavy casualties of some officers, other ranks and family members and disproportionate use of forces of terrorist insurgents.

Similarly, KNU/KNLA insurgents and their allies tried to enter by launching attacks from two columns with the use of disproportionate force starting from early April, 2024 with the aim of permanently taking control of the town and local battalion headquarters, in addition to heavy weapon attacks from afar. As a result, local battalion headquarters in Kawkareik unyieldingly warded off them to prevent the fall of the town into the hands of the enemies by turning from the defensive position to counter offensive. As a result, the terrorist insurgents had to retreat from the town in disorder after suffering heavy losses and failed to capture the town for the first time.

In order to expand the victorious areas and to retake the control of areas temporarily controlled by terrorist insurgents, Tatmadaw columns launched area clearance operations by using separate columns under the Aung Zeya Operations starting from 7 April, 2024 but had to temporarily halted their operations due to weather conditions and terrain limits in November, 2024 and remobilize the forces.

Taking advantage of the remobilizing Tatmadaw forces, KNU terrorist insurgents and their allies launched attacks from five routes to permanently take control of Hpa-an- Kawkareik-Myawaddy Asia Highway essential for border trade, Kyondoe and Kawkareik starting from 13 April, 2025 for the second time by outnumbering the Tatmadaw forces. They blocked and cut off Asia Highway between Kyondoe and Kawkareik and launched heavy attacks on the two towns and Tatmadaw columns had to defend the town in accordance with the fine traditions of the Tamadaw out of spirit to ignore any hardship. As the Tatmadaw was able to shatter their military objectives one after another, it retook the Kyondoe-Kawkareik road and reopened it on 24 July.

After systematically breaking the military objectives of terrorist insurgents, Tatmadaw increased its military momentum to regain control of the Kawkareik-Myawaddy Asian Highway and recapture Thingannyinaung, which was temporarily controlled by the insurgents. Starting on August 28, 2025, a Counter-Terrorism Operation was launched with four columns from Kawkareik and one column from Myawaddy, all converging on Thingannyinaung. Ten days later, at 1 PM today, Tatmadaw columns successfully recaptured the entire Thingannyinaung military base, regaining control of the entire Kawkareik-Thingannyinaung-Myawaddy Asian Highway, the main trade route between Thailand and Myanmar.

By regaining control of the Kawkareik-Thingannyinaung-Myawaddy Asian Highway,Tatmadaw has completely crushed and destroyed the fanciful dream of the KNU terrorist insurgents. This dream involved capturing the cities of Myawaddy, Kawkareik, and Hpa-an to establish an independent Kawthoolei State and Government.

In the efforts to regain control of the Kawkareik-Thingannyinaung-Myawaddy Asian Highway and the town of Thingannyinaung, over the course of the more than one-year-long operation, Tatmadaw engaged in 382 major and minor clashes with terrorist insurgents. As a result, 63 bodies, 57 various weapons, and related items were seized. During the operation, some Tatmadaw officers and soldiers sacrificed their lives for the nation, and others were injured.

It was observed that while temporarily controlling the Kawkareik-Thingannyinaung-Myawaddy Asian Highway, the terrorist insurgents carried out various acts of sabotage, including burning vehicles, blocking roads with tree branches, and using mines to destroy other roads and bridges. Tatmadaw will continue to conduct regional security operations to reopen the Union Highway, restore cross-border trade as quickly as possible, and ensure the safe and normal travel of local residents, travelers, and vehicles. Local ethnic people are reportedly very grateful to Tatmadaw, as they will now be able to resume their socio-economic activities. The Myawaddy Television crew proudly honored, welcomed, and presented this report. 100

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များအား တွေ့ဆုံ၍ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ စီချွမ်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ချုံချင့်မြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့်တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် “တရုတ်-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ”၊ “အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “တရုတ်-မြန်မာ ချစ်ကြည်ရေးခိုင်မြဲပါစေ” ၊ “တရုတ်-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ” စသည့် ကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း၊ “မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် အောင်မြင်ပါစေ”၊ “နိုင်ငံ့အရေးအတွက် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏”၊ “မြန်မာ-တရုတ် အေးအတူပူအမျှဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု အောင်မြင်ပါစေ” စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာစဉ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာကြသည့် မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံမှာ-

ကျွန်တော်ပြီးခဲ့တဲ့ ဩဂုတ် ၃၀ ရက်ကနေစပြီးတော့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာပြုလုပ်တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအပေါင်းအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်အရ တက်ခဲ့ပါတယ်။ ဒီမှာလည်း အစည်းအဝေးအဖွဲ့ဝင်နိုင်ငံတွေ၊ လေ့လာသူနိုင်ငံ၊ ဆွေးနွေးဖက်နိုင်ငံတွေ တက်ကြပါတယ်။ တော်တော်များများ ခေါင်းဆောင်တွေနဲ့ Bilateral တွေ့ဆုံနိုင်ခဲ့တာရှိသလို တွေ့ဆုံဆွေးနွေးပြောကြားမှုတွေလည်း ရှိပါတယ်။ အလားတူစွာပဲ စက်တင်ဘာ ၃ ရက်မှာ ပြုလုပ်တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အခမ်းအနားကိုလည်း တက်ရောက်ခဲ့ပါတယ်။ တော်တော်ကိုအောင်မြင်တဲ့၊ ကောင်းမွန်တဲ့ အခမ်းအနားတွေလည်းဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာမှာရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ အခြေအနေအရပ်ရပ်ကို ဒီမှာပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးခဲ့တာရှိတယ်။ ကျွန်တော် နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာလည်း နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေနဲ့ မြန်မာနိုင်ငံမှာ လာမယ့် ဒီဇင်ဘာလမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲအခြေအနေကို ကျွန်တော်ရှင်းပြပါတယ်။ တွေ့ဆုံဆွေးနွေးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေရော၊ တွေ့ဆုံပြောဆိုနိုင်ခဲ့တဲ့ ခေါင်းဆောင်တွေရောက မြန်မာနိုင်ငံကို ကမ္ဘာမှာအပြည့်အဝနားလည်ပြီးတော့မှ အားလုံးရပ်တည်ထောက်ခံမှုပြုခဲ့ကြတယ်။ စောစောကပြောတဲ့ ဒီဇင်ဘာလမှာပြုလုပ်မယ့် ရွေးကောက်ပွဲလည်း အားလုံးထောက်ခံတယ်။ သူတို့လည်း ဒီဟာနဲ့ပတ်သက်ပြီးတော့ အောင်မြင်အောင် သူတို့ဆန္ဒပြုတဲ့အကြောင်းတွေလည်း သူတို့ပြောပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ရက်က တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဟာပင်းမြို့ကို သွားခဲ့ပါတယ်။ အဲ့ဒီမှာလည်း စိုက်ပျိုးရေးလုပ်ငန်း၊ အီလက်ထရောနစ်၊ အင်ဂျင်နီယာလုပ်ငန်း ဒါတွေကြည့်ခဲ့တာပေါ့လေ။ ထို့အတူပဲ နောက်ဆုံးခရီးစဉ်အဖြစ် စီချွမ်ပြည်နယ် ချန်ဒူးကိုရောက်ပါတယ်။ စီချွမ်ပြည်နယ်မှာလည်း လျှော့ဒတ်နဲ့ပတ်သက်ပြီး ကြုံတွေ့ခံစားပြီးတော့မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တကယ့်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့တဲ့ ပြည်နယ်တစ်ခုဖြစ်တော့ သူတို့ရဲ့အတွေ့အကြုံကို မျှဝေကြည့်ရှုခဲ့တာရှိတယ်။ နောက်စိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းဆွေးနွေးနိုင်ခဲ့တာရှိပါတယ်။ အင်မတန်အားရဖို့လည်း ကောင်းပါတယ်။ အလားတူပဲ တီယန်ကျင်းရော၊ ချန်ဒူးမှာရော တရုတ်နိုင်ငံရဲ့ စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေ ကုမ္ပဏီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပြီးတော့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

lution လို့ပြောမလား အစိမ်းရောင်နဲ့ ပတ်သက်တဲ့ဟာကိုတော့ သူတို့တော်တော်ဦးစားပေးတာကို တွေ့တယ်။ ကျွန်တော်တို့ တော်တော်အတုယူဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”**ဆိုတဲ့ဆောင်ပုဒ်နဲ့ လုပ်နေတာရှိပါတယ်။ ကျွန်တော့်ရဲ့မူဝါဒပါပဲ။ ကျွန်တော်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ နိုင်ငံတော်ကို လှုပ်ရှားရမှာဖြစ်ပါတယ်။ အလားတူစွာပဲ အစည်းအဝေးပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့လိုတယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့လည်း ကုန်ထုတ်လုပ်မှုတွေလုပ်မှရမယ်။သူတို့ဆီကနေ ကုန်ပစ္စည်းတွေ သွင်းရုံနဲ့မရဘူး။ ကျွန်တော်တို့ပစ္စည်းတွေလည်းပို့ဖို့လည်းလိုတယ်။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့လုပ်ရမယ်။ ဒါကြောင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”**ဆိုတဲ့ဆောင်ပုဒ်လေး ကျွန်တော်အနေနဲ့ ဆောင်ရွက်နေတာရှိပါတယ်။ တိုင်းပြည်အတွက် အလုပ်လုပ်ဖို့လိုတယ်။ ဒီအတိုင်းပဲတွေ့ပါတယ်။ ကျွန်တော်တို့က သူတို့ကိုအမီလိုက်နိုင်ဖို့ တော်တော်ကိုလိုပါတယ်။ တိုးတက်ဖို့ဆိုရင်လည်း အတတ်ပညာ၊အသိပညာတွေတော်တော်လိုပါတယ်။ အတတ်ပညာ၊ အသိပညာရဖို့အတွက်ဆိုရင် ပညာရေးကလည်း အခြေခံတွေကောင်းမှရမယ်။

ဒါကြောင့် အခြေခံဖြစ်တဲ့ ပညာရေးကောင်းအောင်လည်း ကြိုးစားဖို့လိုပါတယ်။ ပညာတတ်တွေ ပေါကြွယ်ဝပြီဆိုမှ အတတ်ပညာတွေပိုကောင်းလာပြီးတော့ သူတို့နဲ့ယှဉ်ပြီးလုပ်နိုင်မယ်။ သူတို့ ကျွန်တော့်ကိုမေးတဲ့ မေးခွန်း တစ်ခုရှိတယ်။ သူတို့တကယ်လို့ မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ပြီဆိုရင် မြန်မာနိုင်ငံက လူသားအရင်းအမြစ်တွေကို ရနိုင်မလားဆိုတဲ့ဟာတွေ၊ သတ်မှတ်ထားတဲ့အတိုင်း တာဝန်ပေးရမှာလားဆိုတဲ့ မေးခွန်းတွေမေးလာတယ်။ ကျွန်တော်တို့ ဥပဒေက လုပ်ကိုလုပ်ရမယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင်လည်း သူတို့နဲ့ လက်တွဲပြီးတော့မှ ယှဉ်တွဲပြီးလုပ်တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့လိုတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့အတွက်ဆိုရင် တကယ်ကို အသိရှိရှိနဲ့လုပ်မှရမှာ။ ကျွန်တော်တို့ ရပ်တည်ချက်လည်း ဘယ်လိုမှ မပြောင်းလဲပါဘူး။ ကျွန်တော်ရအောင်လုပ်သွားမှာဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာရွေးကောက်ပွဲပြီးလို့ရှိရင် နောက်ထပ်ဖြစ်ပေါ်လာမယ့် ပြည်သူက ရွေးချယ်တဲ့ လမ်းကြောင်းအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ရှေ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီမှာမှ ကျွန်တော်တို့ကဒါကိုပဲ အငြင်းပွားပြီးတော့မှ လုပ်နေမယ်ဆိုရင် ကဏ္ဍကောစ လုပ်နေမယ်ဆိုရင်တော့ တိုးတက်မှုအသီးအပွင့်တွေဟာ အပြည့်အဝခံစားရမှာတော့ မဟုတ်ဘူး။ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းဖို့အတွက်လည်းလိုပါတယ်။ တည်ငြိမ်အေးချမ်းဖို့ဆိုရင် နိုင်ငံရေးအသိရှိရှိနဲ့ လုပ်ဖို့လည်းလိုပါမယ်။ နံပါတ်တစ်အချက် တည်ငြိမ်အေးချမ်းအောင် ကြိုးစားရမယ်။ အတန်းပညာရှိအောင် ကြိုးစားရမယ်။









ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ကျွန်တော်နဲ့ပါလာတဲ့ ဝန်ကြီးတွေကလည်း သူတို့ရဲ့မေးမြန်းချက်တွေလည်း ဖြေကြားပေးတာတို့ ကျွန်တော်ကိုယ်တိုင်လည်း သူတို့ရဲ့ သိလိုတဲ့အချက်အလက်တွေပေါ့ သူတို့မေးတဲ့အပြင်ကို ကျွန်တော်ကလည်း သိသင့်တဲ့ အချက်အလက်တွေကိုလည်း ဖြေပေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်တွေကတော့ တော်တော်ကို တိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ပြောချင်တယ်။ နောက်တစ်ခုကလည်း တရုတ်နိုင်ငံကတော့ အလုံးစုံ AI ကို အတော်လေးဦးစားပေးလာတာတွေ့ပါတယ်။ Green Zone ၊ Green Revo- အလုပ်မလုပ်ဘဲနဲ့တော့မရဘူး။ နောက်တစ်ခါ နည်းပညာလည်း တော်တော်မြင့်မားတာ တွေ့ပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ခရီးစဉ် အကြိမ်ကြိမ်ရှိပါပြီ။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက အံ့မခန်းဖွယ်ရာဖြစ်အောင်ရှိပါတယ်။ တကယ်ကို တကယ်လက်တွေ့ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် နိုင်မယ့် လူသားအရင်းအမြစ်တွေလိုတယ်။ အဲဒီလူသားအရင်းအမြစ်တွေမလုပ်နိုင်ဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုလက်တွဲလုပ်လို့ရမလဲ။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်ကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ ကြိုးစားအားထုတ်ဖို့ လိုတယ်ဆိုတာ ပြောချင်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင် ပြီးလို့ရှိရင် ပညာရေးနဲ့ပတ်သက်ပြီးရအောင် မြှင့်တင်ပေးရမယ်။ ကျွန်တော်တို့အလုပ်လုပ်ဖို့လိုတယ်။ ဒါတွေလုပ်နိုင်မှသာ ကျွန်တော်တို့အခုသွားတဲ့ ဒီခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့ရလဒ်တွေကို ကျွန်တော်တို့က ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ။ **(၅၀၁)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ China Southwest Architectural Design and Research Institute Corporation(CSWADI)သို့ သွားရောက်ကြည့်ရှုလေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် China Southwest Architectural Design and Research Institute Corporation(CSWADI)အတွင်း ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် China Southwest Architectural Design and Research Institute Corporation(CSWADI) အတွင်း ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် China Southwest Architectural Design and Research Institute Corporation(CSWADI)၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် China Southwest Architectural Design and Research Institute Corporation(CSWADI) မှ တာဝန်ရှိသူတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation(CSWADI) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် China Southwest Architectural Design and Research Institute Corporation (CSWADI) သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် China Southwest Architectural Design and Research Institute Corporation(CSWADI)အတွင်း ပြသထားသည့် ကော်ပိုရေးရှင်းမှ ဆောက်လုပ်ထားသော စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ တံတားများ၊ဟိုတယ်များ၊အားကစားရုံများ၊ဆေးရုံများနှင့် နိုင်ငံတကာ၌ အဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများအား သုတေသနပြုလုပ် ဒီဇိုင်းအသစ်များရေးဆွဲဆောက်လုပ်မှုအခြေအနေများ၊ ငလျင်ဒဏ်ကို ကြိုတင်ကာကွယ်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လာရောက်၍ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းပြသရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက China Southwest Architectural Design and Research Institute Corporation(CSWADI) ၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချန်ဒူးမြို့၌ မီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချန်ဒူးမြို့၌ မီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ချန်ဒူးမြို့သို့ ရောက်ရှိနေစဉ်အတွင်း ချန်ဒူးမြို့ရှိ Shanghai La ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံသို့ အလုပ်သဘော ခရီးစဉ်လာရောက်ခဲ့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ သတင်းမီဒီယာများ၏မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့လက်ခံဖြေကြားခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မီဒီယာများဖြစ်ကြသည့် Chengdu Daily၊ Chengdu Business Daily၊ West China Metropolis Daily၊ Chengdu Television (CDTV)၊ SichuanTelevision(SCTV)၊ China Central Tele–vision(CCTV)၊ People's Daily Online နှင့် China xinhua news တို့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်နိုင်ငံသို့အလုပ်သဘော ခရီးစဉ်အတွင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation–SCO SUMMIT 2025)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့မှုအခြေအနေ၊ တီယန်ကျင်းမြို့နှင့် ချန်ဒူးမြို့တို့၌ မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေးပွဲများဆောင်ရွက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများအား မေးမြန်းမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့မီဒီယာများနှင့်တွေ့ဆုံစဉ် ဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အလုပ်သဘောခရီးစဉ်အတွင်း SCO ထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့မှု၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်–

အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr.Xi Jinping ရဲ့ ဖိတ်ကြားချက်အရ ပြီးခဲ့တဲ့ ဩဂုတ် ၃၀ ရက်ကနေ ဒီနေ့ စက်တင်ဘာ ၆ ရက်ထိ ရှစ်ရက်ကြာ တရုတ်နိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ပထမဆုံး ဩဂုတ် ၃၁ ရက်မှာတော့ တီယန်ကျင်းမြို့မှာ ပြုလုပ်ခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအပေါင်းအစည်းအဝေးကို ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အဲ့ဒီမှာတော့ ကျွန်တော်မူလအဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ အနေနဲ့ရှိတဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်မှာ ရောက်ရှိပြီးဖြစ်တဲ့အတွက်ကြောင့် ဒီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးဖိတ်ကြားချက်အရ လာရောက်တက်ရောက်ခဲ့ပြီး ကျွန်တော်လည်း မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲ့ဒီမှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးက ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းတွေ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက် ငါးခု Global Governance Initiative ငါးချက်ကို အဆိုပြုဆွေးနွေးခဲ့ပါတယ်။ လက်ရှိကမ္ဘာ့အခြေအနေနဲ့ ကိုက်ညီပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံတွေမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေရှိတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရှိတယ်။ ဆင်းရဲတဲ့ နိုင်ငံတွေရှိတယ်။ ဒီနိုင်ငံတွေဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခြေအနေချင်း မတူပေမယ့်လည်း၊ တချို့တူညီတဲ့အခြေအနေတွေ ရှိပေမယ့်လည်း အင်အားကြီးတဲ့နိုင်ငံတွေက အင်အားတူညီတဲ့နိုင်ငံတွေရော၊ အင်အားနည်းတဲ့ နိုင်ငံတွေရောကို နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးမျိုးစုံနဲ့ ဖိအားပေးနေတာကို ကြုံတွေ့နေရပါတယ်။ ဒီဟာကို သမ္မတကြီး H.E.Mr. Xi Jinping က ထောက်ပြပြီးတော့ ဒါကိုပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အကြောင်းကို ပြောခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဒီအဆိုပြုချက် ငါးချက်ကို အပြည့်အဝထောက်ခံကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ကမ္ဘာ့ခေါင်းဆောင်များကလည်း ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ဒီရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ အစည်းအဝေးကတော့ လုံးဝအောင်မြင်တဲ့ အစည်းအဝေး တစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ စက်တင်ဘာ ၃ ရက်က ပြုလုပ်ခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အခမ်းအနားကိုလည်း ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ စစ်ရေးပြအခမ်းအနားကြီး ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ တရုတ်တပ်မတော်ရဲ့ စနစ်တကျလေ့ကျင့်ထားမှုကိုလည်း အကောင်းဆုံးဖြစ်တာကို ကျွန်တော်တွေ့ပါတယ်။ နောက် တရုတ်ပြည်သူများရဲ့ စည်းကမ်းအပြည့်အဝရှိမှုကိုလည်း ကျွန်တော်တွေ့ရှိပါတယ်။ နောက် တတိယအနေနဲ့ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းပကား မြင့်မားတယ်ဆိုတာကို ဒီမှာတွေ့ရပါတယ်။ နောက်တစ်ခါ ကမ္ဘာကြီးကို တရုတ်နိုင်ငံအနေနဲ့ အကာအကွယ်ပေးနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဒီမှာတွေ့ပါတယ်။ တချို့ပစ္စည်းတွေဆိုရင် ကျွန်တော်တို့ လုံးဝကိုမထင်တဲ့ကာကွယ်ရေးပစ္စည်းတွေ တွေ့ပါတယ်။ဒီကာကွယ်ရေးပစ္စည်းတွေက ကမ္ဘာကိုခြိမ်းခြောက်နေတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးနိုင်မယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဖက်ဆစ်တွေရဲ့ နှိပ်စက်မှုဒဏ်ကိုခံခဲ့ရတဲ့ တော်လှန်မှု နှစ် ၈၀ ပြည့်တဲ့ကာလဖြစ်တဲ့အတွက်ကြောင့် အဓိပ္ပာယ်ရှိတဲ့၊ အကျိုးရှိတဲ့ စစ်ရေးပြအခမ်းအနားကြီးတစ်ခု ဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့တစ်ဆက်တည်းမှာပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဘက်မှာရှိတဲ့ ဟေလုံကျန်းပြည်နယ်နဲ့ ဒီနေ့ ကျွန်တော်ရောက်ရှိနေတဲ့ စီချွမ်ပြည်နယ်တို့ကိုလည်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်ဖို့ ကျွန်တော်ချစ်ကြည်ရေးခရီး ဆက်လာခဲ့တာဖြစ်ပါတယ်။ ဒီနေ့ခရီးစဉ် ဒီတင်ပြီးပြီဖြစ်ပါတယ်။

နောက်ထပ် ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ ကျွန်တော်လေ့လာတဲ့အခါမှာ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းတွေများစွာရှိတာကို ကျွန်တော်တွေ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးနဲ့ပတ်သက်ပြီး ရောင်းဝယ်ဖောက်ကားမှု၊ ကုန်သွယ်မှုနဲ့ပတ်သက်ပြီးတော့လည်း များစွာဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေများစွာရှိတယ်ဆိုတာလည်း နှစ်ဖက်လုံးမှာ ကျွန်တော်တွေ့ပါတယ်။ တီယန်ကျင်းမှာရော၊ စီချွမ်မြို့မှာရော၊ ဟာပင်းမှာရော၊ ချန်ဒူးမြို့မှာရော နှစ်နိုင်ငံမှာရှိတဲ့ ကုန်သည်ကြီးများနဲ့ ကျွန်တော်တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခွင့်အလမ်းနဲ့ပတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်နဲ့ အဖွဲ့ဝင်အဖြစ်ပါလာတဲ့ဝန်ကြီးတွေကလည်း အကုန်ပြည့်ပြည့်စုံစုံ ရှင်းပြနိုင်ခဲ့ပါတယ်။ တရုတ်ကုန်သည်များကလည်း စိတ်ဝင်တစားနဲ့ ပါဝင်ဆွေးနွေး ပြောကြားခဲ့မှုများ၊ လာရောက်တွေ့ဆုံတက်ရောက်ခဲ့မှုများ ရှိလို့ရှိရင် ကျွန်တော်တို့နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများစွာ မျှော်လင့်ချက်ရှိနေကြတယ်ဆိုတာ ကျွန်တော်တို့ တွေ့ပါတယ်။ ကျွန်တော် တရုတ်နိုင်ငံကိုလာတာ ၁၂ ကြိမ်မြောက် ခရီးစဉ်ဖြစ်ပါတယ်။ ဒီ ၁၂ ကြိမ်မြောက် ခရီးစဉ်မှာ ဒီခရီးစဉ်က အောင်မြင်ဆုံးခရီးစဉ်တစ်ခုလို့ ကျွန်တော်ပြောလိုပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေအဖြစ် အမြဲတမ်းမျှော်လင့်ထားပါတယ်။ အခု ကျွန်တော်တို့လာတဲ့ခရီးစဉ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို ခိုင်ခိုင်မာမာနဲ့ ယုံယုံကြည်ကြည်လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ရခဲ့တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ရဲရဲတင်းတင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော်မျှော်လင့်ပါတယ်။ အောင်မြင်မှု ခရီးစဉ်တစ်ခုဖြစ်အောင် ခင်ဗျားတို့ တက်ရောက်လာကြသူများကလည်း အိမ်ဖြည့်ပေးတာဖြစ်ပါတယ်။ ကောင်းပါပြီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ထို့နောက် မီဒီယာများ၏ မေးမြန်းမှုများကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်–

**မေး။** လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင့်။ ကျွန်မကတော့ People's Daily Online Media သတင်းထောက်ဖြစ်ပါတယ်။ ကျွန်မမေးချင်တာကတော့ တရုတ်–မြန်မာ ဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးဟာ ဒီနှစ်မှာ ၇၅ နှစ် ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ယာယီသမ္မတကြီးအနေနဲ့ နှစ်နိုင်ငံအနာဂတ်မှာ မည်သည့်အခန်းကဏ္ဍများ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုများမှာ ဆက်လက်ပူးပေါင်းပေးသွားမယ်၊ တရုတ် – မြန်မာရဲ့ အေးအတူပူအမျှအသိုက်အဝန်းမှာ ဘယ်လိုဆက်လက်တွန်းအားပေးသွားမယ်ဆိုတာသိရှိလိုပါတယ်ရှင့်။

**ဖြေ။** ကျွန်တော်အစကပြောခဲ့ပြီးသား။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ ဆွေမျိုးပေါက်ဖော် နိုင်ငံတွေဖြစ်တယ်။ အိမ်နီးနားချင်းမှာလည်း မိုင်ပေါင်း ၁၃၀၀ လောက်ရှည်တဲ့နယ်နိမိတ်ချင်း ထိစပ်နေတဲ့ နိုင်ငံတွေဖြစ်တယ်။ နှစ်နိုင်ငံသမိုင်းကြောင်းကလည်း နှစ်ပေါင်းများစွာကတည်းက ကူးလူးဆက်ဆံမှုတွေရှိခဲ့တယ်။ နှစ်နိုင်ငံဆက်ဆံရေးကလည်း ယုံကြည်စိတ်ချမှုအပြည့်နဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍစုံကနေပြီးတော့မှ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်သွားမယ်။ နောက်တစ်ခါ တရုတ်နိုင်ငံကနေပြီးတော့ အားသာချက်ရှိနေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Green Policy)ပေါ်နေ၁။ ဒီဟာကလည်း အမြဲတမ်းစိမ်းလန်းစိုပြည်တဲ့ မူဝါဒကို ကျွန်တော်တို့ရဲ့မူဝါဒနဲ့ တူညီတာကြောင့် ဒါလည်း တရုတ်နိုင်ငံရဲ့အတွေ့အကြုံကို **စာမျက်နှာ ၂၂ သို့**

☆ ကျောဖုံးမှအဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲသို့ တက်ရောက်စဉ်။







တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့် မြူနီစပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့ရှိ တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးကြစဉ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၁၉၅၀ ပြည့်နှစ်မှစတင်၍ ထူထောင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးတွင် မဟာဗျူဟာမိတ်ဖက်၊ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိသည်အထိ အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်လာကြကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံအကြားစီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ၊ အခြားသောနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Myanmar-China Comprehensive Strategic Co-operative Partnership)ကို နှစ်နိုင်ငံအကြားစတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာတိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့်(၂)နေရာတွင်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လထိ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည်ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍကပါဝင်နေကြောင်း၊ နှစ်နိုင်ငံအကြားနယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အရ မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်တွင် စုစုပေါင်းနယ်စပ်ဂိတ် ရှစ်ခုရှိပါကြောင်း၊ လက်ရှိအချိန်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ အဆိုပါနယ်စပ်ဂိတ်ရှစ်ခုအနက် မူဆယ်-ရွှေလီ နယ်စပ်ဂိတ်တစ်ခုသာ ဖွင့်လှစ်ထားရှိနိုင်ပြီး ကျန်နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက် တိုက်ခိုက်မှုလုပ်ရပ်များကြောင့် ရပ်တန့်ထားရကြောင်း၊ မိမိတို့နှစ်နိုင်ငံကုန်သွယ်မှုကို ထိခိုက်စေခဲ့ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသမတည်ငြိမ်မှုများကြောင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသများ၏ စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့ထိ ကုန်သွယ်ရေးလမ်းကြောင်းကို တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာနှစ်နိုင်ငံလုံးအတွက် အဓိက ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား (Landbridge)အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်တိုးချဲ့ဖွင့်လှစ်နိုင်ပါက ကုန်ပစ္စည်းအမျိုးအစားများနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ(Value-Added Products)ချဲ့ထွင်တင်ပို့ရေး၊ လမ်းပန်းဆက်သွယ်ရေးတိုးချဲ့ဖောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒူးမြို့သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ အဓိကစီးပွားရေးစင်တာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေး၊ နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိကြောင်း၊ ချန်ဒူးမြို့တွင် Intel၊ Foxconn ၊ Dell တို့ကဲ့သို့ အီလက်ထရောနစ်နှင့် အိုင်တီနည်းပညာကုမ္ပဏီများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ စသည့်လုပ်ငန်းများစွာကို လုပ်ကိုင်ဆောင်ရွက်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ပြင် ချန်ဒူးမြို့တွင် နည်းပညာကဏ္ဍနှင့်ပတ်သက်၍ များစွာဖွံ့ဖြိုးတိုးတက်နေသည်ကိုတွေ့ရှိရပြီး တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ပထမဆုံး AI နည်းပညာဆန်းသစ်တီထွင်မှုနှင့် အသုံးချမှုစမ်းသပ်ဇုန်အဖြစ် မှတ်တိုင်ထူခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ မိမိအနေဖြင့် အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများစွာရှိကြောင်း၊ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေးအတွက် ချစ်ကြည်ရင်းနှီးသောပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေး တည်ထောင်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒူးမြို့နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တို့အကြားတွင်လည်း ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားရန်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ရန်ကုန်-ချန်ဒူး ခရီးသည်တင် လေကြောင်းလိုင်းများကိုလည်း ပြန်လည်ပြေးဆွဲနိုင်ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့်တရုတ်နိုင်ငံတို့ ဆုံစည်းရာနေရာ၌ ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု အနေဖြင့်လည်း လမ်းဆုံနေရာတွင်တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများစွာရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(Belt and Road Initiative–BRI) တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါကြောင်း။ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့်ရေကြောင်းလမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဟူ၍ မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမ မဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှုပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှု ပိုးလမ်းမ(Maritime Silk Road) ဟူ၍ သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာစင်္ကြံ ခြောက်ခုပါရှိရာ မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့်ရေလမ်း နှစ်မျိုးလုံး အသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ကုန်းမြေတည်ရှိမှုအရ အကြီးဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးမဟာဗျူဟာအရလည်း အချက်အချာကျသည့် နိုင်ငံတစ်ခုဖြစ်သည့်အပြင် အာရှအဝေးပြေးလမ်းနှင့် အာရှဖြတ်ကျော်ရထားလမ်းကွန်ရက်နှစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ပိုးလမ်းမစီးပွားရေးရပ်ဝန်းတွင် အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor– CMEC)ကို တည်ထောင်ထားပြီး ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရန်၊ နယ်စပ်ဒေသများတွင် အထူးစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ CMEC မူဘောင်အောက်မှ တစ်ဆင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ ဆောလျင်စွာဆောင်ရွက်မည့်စီမံကိန်း(Early Harvest Project) ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်တွင် နှစ်နိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ တရုတ်-မြန်မာ ရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်မဟာဓာတ်အားလိုင်းစီမံကိန်း စသည့် အရေးကြီးသော စီမံကိန်းများစွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စီမံကိန်းများအနက် တရုတ်-မြန်မာ ရထားလမ်းစီမံကိန်းသည် မိမိတို့နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရလဒ်ကောင်းများရရှိနိုင်သည့် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ကြောင်း။

**နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်သွားလို၊ မိမိတို့၏မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ် . . .**

အဆိုပါ မီးရထားလမ်းစီမံကိန်းများအောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့်ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်းတွေ့ရှိရကြောင်း၊ အာရှတိုက်နှင့် ဥရောပတိုက်နှစ်ခုလုံးတွင်ပါဝင်သော ရုရှားနိုင်ငံ၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အကြား အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပထဝီအနေအထားအရ အချက်အချာကျလှကြောင်း၊ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ ဗဟိုချက်မမြို့တစ်မြို့ဖြစ်သော နိုဗိုစီဗစ်မြို့နှင့် ဥရောပတိုက်ဘက်တွင်တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စိန့်ပီတာစဘတ်မြို့တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများဖွင့်လှစ်ထားရှိပြီးဖြစ်၍ နှစ်နိုင်ငံအကြား ကုန်စည်ကူးသန်းမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ တရုတ်နိုင်ငံရှိ ချုံချင်း၊ ကူမင်း၊ နန်နင်း၊ ဟောင်ကောင်မြို့တို့တွင်လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးများဖွင့်လှစ်ထားရှိပြီးဖြစ်၍ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်း၍ ကုန်သွယ်ရေးကဏ္ဍကိုတိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းကုန်စည်စီးဆင်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေ ၁ ရက်မှ စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ်(ACFTA)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာတိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း။

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives–GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ် ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့်ကဏ္ဍများစွာပါဝင်နေသောကြောင့် မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများမြန်ဆန်စွာဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေစေရေး ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ရေး စဉ်းစားဆောင်ရွက်နေပြီး မကြာမီအချိန်အတွင်း အဖြေပေးနိုင်လိမ့်မည်ဖြစ်ကြောင်း။

လာမည့်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့်အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှုအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်မြေအောက်ရေယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းလိုက်မည်ဆိုပါက နှစ်နိုင်ငံအတွက် သိသာသည့်ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကိုမျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့်ပြောကြားသည်။

**နှစ်နိုင်ငံ အေးအတူပူအမျှနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံအဖြစ် ရဲရဲတင်းတင်းလာရောက်ရင်းနှီးမြှုပ်နှံကြစေလို . . .**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြို့ နီစပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့ရှိ တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးချိန်၌ တရုတ်နိုင်ငံမှ အဖွဲ့အစည်းများက အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လေ့လာဆန်းစစ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှု၊ ပို့ကုန်သွင်းကုန်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံကချမှတ်ထားသည့် မူဝါဒများကို သိရှိလိုမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်လိုမှု၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရေး ယွမ်နှင့်တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးစေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကို သိရှိလိုမှု၊ သွင်းကုန်လုပ်ငန်းများအတွက် ခွင့်ပြုချက်လိုင်စင်များ လျှောက်ထားရာတွင် အချိန်ကာလကြာမြင့်မှုများဖြစ်ပေါ်နေမှုကို ဖြေရှင်းဆောင်ရွက်ပေးစေလိုမှု၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်ကိရိယာအသုံးအဆောင်ပစ္စည်းများ တင်ပို့လိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားစေလိုမှု၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှု အခြေအနေများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးကြသည်။

မေးမြန်းဆွေးနွေးမှုများအပေါ် ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါလာသည့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများ အလိုက်ရှင်းလင်းပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တင်ဒါလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်လာမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်စေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်လိုအပ်သည့်မြေနေရာများကို ခွင့်ပြုရာတွင်လည်း သတ်မှတ်ချက်များအညီသာခွင့်ပြုပေးမှု၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမည်ဆိုပါက မြေလွတ်မြေရိုင်းများကို မြန်မာနိုင်ငံ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံသို့လာရောက်၍ ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မှု၊ ကုမ္ပဏီများတွင် နည်းပညာရှင်များအားသတ်မှတ်ထားသည့် နှုန်းထားများဖြင့် ပညာရှင်များကို ငှားရမ်းရန် မူဝါဒချမှတ်ထားမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိပေါ်ဆန်းမွှေးဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ လိုင်စင်လျှောက်ထားခြင်းများဆောင်ရွက်ရာတွင် သွင်းကုန်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်စေလိုမှုစိုက်ပျိုးရေးထွက်ကုန်များ

စာမျက်နှာ ၂၂ သို့

စာမျက်မှာ ၁၉ မှအဆက်

ရယူပြီးတော့မှ တရုတ်ရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံကလည်း ဒီနေ့အကျိုးကျေးဇူးတွေ ခံစားနိုင်အောင် အားပေးဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

**မေး။** ကျွန်မကတော့ ဆင်ဟွာသတင်းဌာနမှ ဖြစ်ပါတယ်။ ကျွန်မမေးချင်တာက နှစ်ချက်ရှိပါတယ်။ နံပါတ်တစ်က မြန်မာနိုင်ငံဟာ ရှန်ဟိုင်း SCO မိတ်ဖက်နိုင်ငံဖြစ်ပါတယ်။ အဆွေတော်ဟာဆိုရင် ကျွန်မတို့သမ္မတကြီးရဲ့ဖိတ်ခေါ်မှုနဲ့အတူ တီယန်ကျင်းမြို့မှာဆောင်ရွက်ခဲ့တဲ့ SCO Plus အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာလည်း ကျွန်မတို့ရဲ့သမ္မတကြီးက Global Governance Initiative (GGI)ကိုပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆွေတော်ဟာ သမ္မတကြီး ရှီကျင့်ဖျင်အဆိုပြုခဲ့တဲ့ အစီအမံနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားရှိပါသလဲ။ ပြီးတော့ အဲ့ဒီအစီအမံဟာ လက်ရှိကမ္ဘာကြီးမှာ ဘယ်လိုဟာမျိုးတွေ သက်ရောက်မှုရှိပါသလဲ။ ဒါဟာ နံပါတ်တစ် မေးခွန်းပါ။ နံပါတ်နှစ်မေးခွန်းဟာဆိုရင် ယခုနှစ်ဟာ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက် ဖြစ်ခဲ့ပါပြီ။ သမ္မတကြီး ရှီကျင့်ဖျင်က တီယန်ကျင်းမှာ သမ္မတကြီးနဲ့ တွေ့ဆုံစဉ်မှာတော့ တရုတ်-မြန်မာ ဆက်ဆံရေးဟာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်ပြီး ပြည်သူများမှပေါက်ဖွားလာတဲ့ သမိုင်းကြောင်းရှည်လျားတဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ နှစ်ဖက်လုံးဟာဆိုရင်တော့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ၇၅ နှစ်အပေါ်မှာမူတည်ပြီး နက်ရှိုင်းစွာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကိုလည်း တွန်းအားပေးလျက်ရှိပြီး နှစ်နိုင်ငံပြည်သူများကိုလည်း သာယာဝပြောပြီး သုခများကိုလည်း သယ်ဆောင်လာတဲ့အတွက် ကျွန်မမေးခွန်းကတော့ လက်ရှိ အဆွေတော်အနေနဲ့ တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး ဘယ်လို Comment ပေးလိုပါသလဲ။

**ဖြေ။** Global SCO အပေါင်း အစည်းအဝေးနဲ့ ပတ်သက်ပြီး သမ္မတကြီး ရှီကျင့်ဖျင်က Global Governance Initiative ငါးချက်တင်ပြတာရှိတယ်။ ကျွန်တော်အဖွင့်မှာလည်း စပြီးပြောခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အင်အားကြီးနိုင်ငံတွေပေါ့။ သူတို့ကနေပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ စစ်ရေး မျိုးစုံနဲ့ အနိုင်ကျင့်နေတာတွေ့ရပါတယ်။ ခင်ဗျားတို့ တရုတ်နိုင်ငံကိုပဲ အမေရိကန်က အခွန်နဲ့ လှမ်းပြီးတော့ဒုက္ခပေးနေတာ ဖိအားပေးနေတာလည်း ရှိတယ်။ ကျွန်တော်တို့လည်း ဒီလိုဖိအားပေးခံနေရတာရှိတယ်။ ဒါကဘဏ္ဍာရေးတင် မဟုတ်ဘူး။ နိုင်ငံရေးအရလည်း ဖိအားပေးတာတွေခံရတယ်။ စီးပွားရေးအရလည်း ဖိအားပေးတာတွေခံရတယ်။ ဒီလိုတွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ဒီအချိန်မှာ ဒီ ငါးချက်က ကမ္ဘာ့ရဲ့ဖြစ်ပေါ်နေတဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြီးတော့မှ ဒါကို ကျွန်တော်တို့ ပြုပြင်ဖို့လိုတဲ့အကြောင်းကို ဖော်ပြသွားတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့၊ နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ဖို့ သင့်တယ်လို့ ကျွန်တော်ကတော့ပြောချင်ပါတယ်။ အဲဒီတော့ သမ္မတကြီး ရှီကျင့်ဖျင်လည်း မည်သည့်ဖိအားမဆို၊ ခြိမ်းခြောက်မှုမဆို တရုတ်နိုင်ငံအနေနဲ့ ရင်ဆိုင်ဖို့ အဆင်သင့်ရှိကြောင်းပြောခဲ့တာ ဒီအဓိပ္ပာယ်ကို ကျွန်တော်တို့နားလည်ထားပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ ဒါတွေအားလုံးကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆက်ဆံရေး ၇၅ နှစ်ပြည့်ပြီးတဲ့ ကာလအပေါ်မှာသဘောထားပြောတာရှိပါတယ်။ တကယ်လို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး သံတမန်အရ ၇၅ နှစ်ပြည့်ပေမယ့် ကျွန်တော်တို့နှစ်နိုင်ငံဆက်ဆံရေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ အိမ်နီးနားချင်း နိုင်ငံတွေလည်းဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုအကျိုးဖြစ်မှုရှိသလိုပဲ၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုဟာလည်း တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူရမှာဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိတယ်ဆိုတာ မြန်မာနဲ့ တရုတ်နှစ်နိုင်ငံပဲ ရှိပါတယ်။ မဟာဗျူဟာမိတ်ဖက်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းအတူ ခံစားရမယ်ဆိုတဲ့ နိုင်ငံများအဖြစ် နှစ်နိုင်ငံသဘောတူညီချက်နဲ့လုပ်နေတာရှိပါတယ်။ ဒါကြောင့် ဒီကဏ္ဍတွေကို အခုလက်ရှိ ကျွန်တော်တာဝန်ယူထားတဲ့အချိန်မှာလည်း ကျွန်တော်တို့နိုင်ငံကနေ ဒါကိုအလေးထားကုစားသွားမှာဖြစ်သလို တရုတ်နိုင်ငံကလည်း အခုလက်ရှိ ပူးပေါင်းဆောင်ရွက်ပေးနေတယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး မျက်မြင်ဖြစ်ပါတယ်။ တရုတ်-မြန်မာ ဆက်ဆံရေးဟာ အခုအခြေအနေမှာ အကောင်းဆုံးအခြေအနေ၊ အမြင့်ဆုံးအခြေအနေကို ရောက်နေတယ်လို့ဆိုရပေမယ့်လည်း ဒီထက်ပိုပြီးကောင်းတဲ့၊ ဒီထက်ပိုပြီး မြင့်မားတဲ့၊ ဒီထက်ပိုပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းတဲ့အခြေအနေမျိုးကို ဆက်ပြီးအကောင်အထည်ဖော်သွားမှာလည်းဖြစ်ပါတယ်။ ကောင်းတယ်ဆိုတာကတော့ အမြဲတမ်းမဟုတ်ပါဘူး။ ကောင်းတယ်၊ ဒီထက်ပိုကောင်းတယ်၊ ဒီထက်ပိုပြီး ကောင်းတယ်ဆိုတာ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက နမူနာပြနေတယ်။ ဒီလိုပဲ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာမှာလည်း ကောင်းသည်ထက်ကောင်းအောင်၊ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်သွားဖို့ နှစ်ဖက်လုံးက ကြိုးစားရမှာဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်လာတဲ့ ခရီးစဉ်က မနေ့ကအခြေအနေထက် ပိုကောင်းအောင် ကျွန်တော်ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။ ကောင်းပါပြီ။

**မေး။** လေးစားအပ်ပါသောယာယီသမ္မတကြီးရှင့်၊ ကျွန်မကတော့ စီချွမ် Daily မီဒီယာမှဖြစ်ပါတယ်။ ကျွန်မ မေးခွန်းလေး နှစ်ခုမေးပါရစေ။ နံပါတ်တစ် မေးခွန်းကတော့ လက်ရှိစီချွမ်ကို လာရောက်တဲ့ ခရီးစဉ်မှာ ဘယ်လိုခံစားရပါသလဲ။ ဘယ်လိုကျေးဇူးရပါသလဲ။ နံပါတ်နှစ်က စီချွမ်နဲ့ မြန်မာကြားမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေမှာ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ချက်ရှိပါသလဲ။

**ဖြေ။** စီချွမ်ပြည်နယ်ကိုလာရတာ အဓိကကတော့ ကျွန်တော်ကတော့ ချန်ဒူးပေါ့လေ။ ချန်ဒူးကို ဒီအခေါက်အပါအဝင် ငါးကြိမ် ကျွန်တော်ရောက်ပါတယ်။ ၂၀၀၇ ခုနှစ်က ရောက်ခဲ့တာ လွန်ခဲ့တဲ့ ၁၈ နှစ်က ကျွန်တော်ရောက်ခဲ့တာ။ ကျွန်တော်ရောက်ခဲ့တဲ့ အကြိမ်တွေအတွင်းမှာတော့ ချန်ဒူးက၊ ချန်ဒူးဆိုတာကလည်း စီချွမ်ကို ကိုယ်စားပြုထားတာပေါ့။ အများကြီး ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ အားလည်းကျပါတယ်။ ဒါလေးလည်း ပူးပေါင်းဆောင်ရွက်ဖို့ အဆွေတော်တို့ရဲ့ ပါတီအတွင်းရေးမှူးနဲ့ ဆွေးနွေးခဲ့တာရှိတယ်။ ဒါတွေပူးပေါင်းဆောင်ရွက်ဖို့အတွက် နှစ်ဖက်လုံး သဘောတူကြပါတယ်။ နှစ်နိုင်ငံ နှစ်ဖက်ပေါ့။ စီချွမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့်ရှိတယ်။ စီချွမ်ပြည်နယ်ဟာ စက်မှုနည်းပညာမှာလည်း ဖွံ့ဖြိုးတိုးတက်ပါတယ်။ နောက်ပညာရေးကဏ္ဍမှာလည်း မြင့်မားပါတယ်။ စိုက်ပျိုးရေးကဏ္ဍလည်း မြင့်မားပါတယ်။ သို့သော် စီချွမ်ပြည်နယ်မှာ မရှိတဲ့ စိုက်ပျိုးရေးထုတ်ကုန်၊ မြေပေါ်မြေအောက် ထုတ်ကုန်ပစ္စည်းတွေ၊ ရေထွက်ပစ္စည်းတွေ မြန်မာနိုင်ငံက အများကြီးရှိပါတယ်။ ဒါကြောင့် ဒီဟာကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် တရုတ်နိုင်ငံ ကိုယ်စားပြုဆောင်ရွက်တာနဲ့ အတူတူပဲလို့ ကျွန်တော်ပြောချင်ပါတယ်။ လေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ဖို့အတွက် စီစဉ်နေပါတယ်။ ကုန်သွယ်မှုတွေ မြင့်မားလာရင် လေကြောင်းသွားလာမှုတွေလည်း များလာမှာဖြစ်တယ်။ ဘာပဲပြောပြော စီချွမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်ရေးဟာ အရင်ကာလနဲ့စာရင် အများကြီး ဒီထက်အဆပေါင်းများစွာ တိုးတက်မယ်လို့ ကျွန်တော်မျှော်မှန်းထားပါတယ်။ ဒါကြောင့်မို့ စီချွမ်ပြည်နယ်က မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံကို လာရောက်ပြီးတော့ လေ့လာဖို့ ဖိတ်ကြားပါတယ်။ လာကြည့်ပါ။ လာကြည့်မှ မြန်မာနိုင်ငံနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့အဓိပ္ပာယ်ကိုလည်း ပိုပြီးတော့ခံစားရမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။ (ဖြ၀၁)

စာမျက်နှာ ၂၁ မှအဆက်

ပိုမိုတိုးတက်လာစေရေး လာရောက်ရင်းနှီးဆောင်ရွက်စေလိုမှု၊ မြန်မာ-တရုတ် စီးပွားရေး စင်္ကြံစီမံကိန်းလုပ်ငန်းစဉ်ကို နှစ်နိုင်ငံပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပြောကြားမှု များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ငလျင်ဘေးဒဏ်သင့်နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ကုမ္ပဏီများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက လုပ်ငန်းများ ဆောင်ရွက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အဆောက်အအုံများကို နိုင်ငံတော်အစီအစဉ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကအဆောက်အအုံများနှင့်ပတ်သက်၍လည်း UMFCCI ဖြင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများ ကြိုတင်ငွေများဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း ခွင့်ပြုပေးနိုင်ကြောင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေးအတွက် ယွမ်နှင့်တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ ကျပ်တိုက်ရိုက်ပေးချေမှုများကို ခွင့်ပြုပေးနိုင်ရေး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက တာဝန်ရှိသူများနှင့်ဆွေးနွေးညှိနှိုင်းပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်ပမာဏကန့်သတ်ချက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ငွေကြေးများကို ပိတ်ဆို့ခံထားရမှုကြောင့် ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေပြီး ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

၎င်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့လာရောက်ခဲ့သည့်ခရီးစဉ်သည် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ထိစပ်နေသည့် ပြည်နယ်များနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်မှုနှင့်ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်သွင်းရန်နှင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံသို့တင်သွင်းရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူပေးခြင်းအားဖြင့်လည်း တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက်နှင့် ရေသယံဇာတများရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံအပြန်အလှန် ပို့ကုန်ပစ္စည်းများတင်ပို့နိုင်ခြင်းဖြင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယွမ်ဖြင့် လာရောက်၍ ရင်းနှီးမြှုပ်နှံနိုင်ရန် ခွင့်ပြုနိုင်ရေးစီစဉ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့်သယံဇာတများကို ကုန်ကြမ်းများအဖြစ် ပြည်ပသို့တင်ပို့ခွင့်မပြုဘဲ ကုန်ချော သို့မဟုတ် တစ်ဝက်တစ်ပျက် ကုန်ချောအဖြစ်သာ တင်ပို့ခွင့်ပြုကြောင်း။

ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်မြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံမှုများကိုဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများရှိ စက်ပစ္စည်းများအတွက် လိုအပ်သည့်သွင်းကုန်များကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရှိပြီးသားရင်းနှီးမြှုပ်နှံမှုများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီများအလိုက် လာရောက်ဆွေးနွေးနိုင်ကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို မထိခိုက်စေရန်အတွက် ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်နိုင်ရေးဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖိတ်ခေါ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ချိန်တွင် လုံခြုံရေးအရအကာအကွယ်ပေးရေးအတွက်လည်း ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြီးဆုံးချိန်၌ တည်ငြိမ်အေးချမ်းမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အေးအတူပူအမျှနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံအဖြစ် ရဲရဲတင်းတင်းလာရောက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖြ၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများအား လက်ခံဖြေကြား



နေပြည်တော် စက်တင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Coop–eration Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း က သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ယခုလိုပဲ ဖြေကြားခဲ့ပါတယ် –

**မေး။** ပထမဦးဆုံးအနေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က တရုတ်နိုင်ငံမှာ ကျင်းပတဲ့ SCO ထိပ်သီးအစည်းအဝေးနဲ့ တရုတ်နိုင်ငံမှာ တရုတ်ပြည်သူများ၏ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အခမ်းအနားကို တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ ဒီအခမ်းအနားမှာ တခြားနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေအပါအဝင် တရုတ်သမ္မတ၊ အိန္ဒိယ ဝန်ကြီးချုပ်၊လာအိုနိုင်ငံခေါင်းဆောင်တွေနဲ့တွေ့တာကို တွေ့ရပါတယ်။ ဒီတွေ့ဆုံမှုတွေကနေ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်ပါသလဲခင်ဗျ။

**ဖြေ။** တရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်နိုင်ငံတုန်းကလည်း ပြောပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံခရီးစဉ်မှာ အပိုင်း သုံးပိုင်းရှိပါတယ်။ နံပါတ်တစ်အပိုင်းကတော့ တီယန်ကျင်းမြို့မှာ SCO ပေါ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ထိပ်သီးအစည်းအဝေး သွားရောက်တက်ရောက်တယ်။ ဒုတိယအပိုင်းကတော့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အခမ်းအနား ပေကျင်းမှာ တက်ရောက်တယ်။ တတိယတစ်ပိုင်းကတော့ တရုတ်ရဲ့ပြည်နယ်တွေသွားရောက်လည်ပတ်တယ်။ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့၊ စီချွမ်ပြည်နယ် ချန်ဒူးမြို့ကို သွားရောက်လည်ပတ်ပြီး လေ့လာရေးခရီးသွားခဲ့တယ်။ ဒီနေရာမှာ အပိုင်း သုံးပိုင်းက မြန်မာနိုင်ငံအတွက် ပြောချင်တာကတော့ SCO အစည်းအဝေးမှာ ဒီအဖွဲ့အစည်းက တော်တော်ကြီးမားတဲ့အဖွဲ့အစည်းကြီး ဖြစ်တယ်။ နောက်ပိုင်းမှာ ဝင်ချင်တဲ့အဖွဲ့ဝင်နိုင်ငံတွေလည်း များလာတယ်။ ဒါကြောင့်ကျွန်တော်တို့ ပထမဦးဆုံးပြောချင်တာက ဒီအဖွဲ့ရဲ့ အစည်းအဝေးမှာရော၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အခမ်းအနားမှာရော ဖိတ်ခေါ်ခဲ့တဲ့အတွက် တရုတ်နိုင်ငံနဲ့ တရုတ်အစိုးရ တရုတ်နိုင်ငံသမ္မတကြီးကို အထူးကျေးဇူးတင်ကြောင်း ပထမဆုံးပြောကြားလိုပါတယ်။ကျွန်တော်တို့ ခင်ဗျားတို့လည်း အသိပဲ။ ကျွန်တော်တို့ ခင်ဗျားတို့အသိပဲဆိုတာ မြန်မာနိုင်ငံအနေနဲ့က နိုင်ငံတကာမှာ သူတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ မြန်မာနိုင်ငံထဲမှာရှိတဲ့ စည်းလုံးညီညွတ်မှုမရှိတဲ့ သူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ နိုင်ငံရေးအရ မြန်မာနိုင်ငံဟာ နိုင်ငံတကာရေးရာမှာ နည်းနည်းနောက်ကျနေတဲ့ အခြေအနေမျိုးရှိတယ်။ဒါယခင်ကတည်းကတိုင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ယခင်ရုရှားခရီးစဉ်တွေ၊ တရုတ်သမ္မတကြီးနဲ့ ခရီးစဉ်မှာ မြှင့်တင်ပေးပါတယ်။ အခုဟာက ပိုပြီးတော့ကောင်းတဲ့မြှင့်တင်မှု၊ ပိုပြီးတော့ပြည့်စုံတဲ့မြှင့်တင်မှုလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာမှာ ပြန်လည်ပြီး သိက္ခာရှိရှိရပ်တည်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်။ ဒ့ါပြင် SCO အစည်းအဝေးတွေမှာ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ တော်တော်များများတွေ့ခဲ့တယ်။ နိုင်ငံတကာခေါင်းဆောင်တွေဆိုတာကလည်း နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့သူတွေက သူရဲ့ပြည်တွင်းအလုပ်နဲ့တင် သူက အလုပ်ရှုပ်နေတာဖြစ်တယ်။ သူတို့အနေနဲ့ ဘာတွေပဲ အများဆုံးကြည့်နိုင်သလဲဆိုရင် သူတို့အပေါ်မှာ ပို့လိုက်တဲ့၊ သူတို့အဖွဲ့တွေက ပို့လိုက်တဲ့ Report ပေါ့။ ဒီ Report တွေ၊ အစီရင်ခံစာတွေကလည်း ဘယ်အပေါ်မှာ အစီရင်ခံသလဲဆိုတော့ မီဒီယာတွေပေါ်မှာ အစီရင်ခံတာ မီဒီယာတွေပေါ်မှာ အစီရင်ခံတော့ မီဒီယာလောကကလည်း ဘာဖြစ်နေသလဲဆိုတော့ ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်း မီဒီယာလောကကလည်း အနောက်နိုင်ငံတွေက လိုလားရင် တစ်မျိုး၊ မလိုလားရင် တစ်မျိုးဆိုတာဖြစ်နေတယ်။ ဒီအပေါ်မှာ အခြေခံပြီးရေးတဲ့ သူတို့ဖတ်ရတဲ့ဟာတွေ၊ သူတို့အမြဲတမ်းတွေ့ကြုံနေရတဲ့ဟာတွေသည် ပြည့်စုံမှုရှိမှာမဟုတ်ဘူး။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သေချာတာတစ်ခုကတော့ မကောင်းကြောင်းတွေပဲ များဖို့ များတယ်။ ဒီလိုတွေ့ရတဲ့အချိန်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့တွေ့ရတယ်။ မြန်မာနိုင်ငံခေါင်းဆောင်နဲ့ပတ်သက်ပြီး အနီးကပ်တွေ့ရတယ်။ စိတ်နေစိတ်ထားတွေ့ရတယ်ပေ့ါ။ စကားပုံတစ်ခုရှိတယ်(Seeing is believing) ကိုယ်တွေ့ကြုံရင် ယုံတယ်။မျက်မြင်ရင် ယုံတယ်။မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့တာဖြစ်တယ်။ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအပေါ်မှာထားရှိတဲ့ စိတ်ထားတွေ၊ မြန်မာနိုင်ငံအပေါ်မှာ ထင်မြင်တဲ့အထင်အမြင်တွေသည် ပိုပြီးတော့ ကောင်းမွန်လာတယ်။ ဒီလိုကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ မြင်ပါတယ်။

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အခမ်းအနားတက်ရတယ်။ တော်တော်ကြီးကျယ်တဲ့အခမ်းအနားဖြစ်ပါတယ်။ ဒါသည် တရုတ်ပြည်သူလူထုရဲ့ စည်းစနစ်ကျမှုတွေ ၊ တရုတ်တပ်မတော်ရဲ့ စည်းစနစ်ကျမှုတွေ၊ ကာကွယ်ရေးစွမ်းပကားမြင့်မားမှုတွေ၊ တရုတ်တပ်မတော်က ကမ္ဘာကြီးရဲ့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် ခေတ်မီလက်နက်ကိရိယာတွေပိုင်ဆိုင်ထားတယ်ဆိုတာတွေအားလုံးကို ပြသနိုင်ခဲ့တယ်။ ပြသနိုင်ခဲ့တဲ့အပြင် ဒီမှာတွေ့ရတဲ့ ခေါင်းဆောင်တွေနဲ့လည်း အသေးစိတ်ဆွေးနွေးနိုင်ခဲ့တယ်။ ဒါတွေဟာ ဂုဏ်ယူဖွယ်ရာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ IT ကဏ္ဍ၊ ကုန်သွယ်ပို့ဆောင်ရေးကဏ္ဍ ဒီကဏ္ဍတွေအားလုံးကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ သွားရောက်ကြည့်ရှုနိုင်ခဲ့တယ်။ ဒါဒီခရီးစဉ်ရဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒီခရီးစဉ်မှာပြောခဲ့တဲ့စကားနဲ့ပြောရရင် အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ ဒ့ါထက်ပိုကောင်းအောင်လုပ်နိုင်ခဲ့တယ်။ အကောင်းဆုံးဖြစ်ခဲ့တယ်လို့ပဲ ဒီလိုမျိုး ကျွန်တော် အနှစ်ချုပ် ပြောချင်ပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် လိုအပ်တာကတော့ အခုခရီးစဉ်မှာ အသိပေးချင်တာက ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့လူမျိုးသည် ကမ္ဘာမှာပြန်လည်ပြီးတော့ သိက္ခာရှိတဲ့အဆင့်အတန်းကို ရပ်တည်နိုင်ပါပြီ။ ပိုပြီးတော့ သိက္ခာရှိတဲ့၊ပိုပြီးတော့ငြိမ်းချမ်းသာယာမယ့်နေရာကို ကျွန်တော်တို့လျှောက်လှမ်းဖို့ လိုတယ်။ တည်ငြိမ်အေးချမ်းဖို့ အားလုံးက ဝိုင်းဝန်းပံ့ပိုးဖို့ လိုတယ်။ မကြာမီမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်တော်တို့အားလုံးအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ပြီး အသက်သွင်း၊ပြန်လည်ပြီး အပြည့်အဝအကောင်အထည်ဖော်ဖို့ အားလုံးက ဝိုင်းဝန်းကြိုးစားဖို့လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မေး။** ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုအခြေအနေရှိပါသလဲဗျ။

**ဖြေ။** ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး ကျန်းမာရေးကောင်းပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံရောက်တဲ့အချိန်မှာ အချိန်ကိုက်ပဲ SCO အစည်းအဝေးပြီးသွားတဲ့အချိန်၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အခမ်းအနားပြီးသွားတဲ့အချိန်မှာ မီဒီယာတွေတော်တော်များများ မြန်မာခေါင်းဆောင်တက်ရောက်တဲ့ဟာတွေ၊ မြန်မာခေါင်းဆောင်ရဲ့ လုပ်ဆောင်ချက်တွေ ပေါ်လာတယ်။ ပေါ်လာတဲ့အချိန်မှာ တစ်ဖက်က ဒီသတင်းကို လွှမ်းမိုးဖို့အတွက် လုပ်ကြံတဲ့သတင်းတစ်ခုကို ထုတ်လိုက်တာဖြစ်ပါတယ်။ သို့သော် သူတို့ပြောတဲ့ဟာတွေ မအောင်မြင်ပါဘူး။ ဒီသတင်းကို လွှမ်းမိုးဖို့ လုပ်ကြံတယ်ဆိုပေမယ့် ကျွန်တော်တို့လည်း အချိန်မီဖြေရှင်းခဲ့ပါတယ်။ အခုမီဒီယာတွေရှေ့မှာ အတိအလင်းပြောပါမယ်။ ဒီသတင်းသည် သတင်းတု သတင်းမှားဖြစ်ပါတယ်။ လုပ်ကြံတဲ့သတင်းတစ်ခုဖြစ်ပါတယ်။ ဒီခရီးစဉ်ကို မှေးမှိန်စေလိုတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံကို မလိုလားတဲ့၊ ကျွန်တော်တို့တိုးတက်မှာကို မလိုလားတဲ့လူတွေက ထုတ်လွှင့်တဲ့ ထုတ်လွှင့်ချက်ဖြစ်ပါတယ်။

(၅၀၁)

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများနှင့် စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၆

၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၂၃ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နှင့် မောက်မယ်မြို့တို့ရှိ ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်အမှိုက်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက်ရှိ တဂေါင်းမဂ်လာစေတီတော်မြတ်ကြီး၏ ဘုရားပရိဝုဏ်အတွင်း၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်း ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ ရွှေမော်ကွန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်ရှိ သံဃာတော် ၆၆ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၂၃ ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ရပ်ကွက်ရှိ ဘုံပျံတောရပုညကာရီကျောင်း တိုက်၌ အခြေပြု၍ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်း ကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြော ဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသ ရန် လိုအပ်သည့်လူနာများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)



တောင်ကြီးမြို့၌ ၅၃ ကြိမ်မြောက် တောင်ကြီးမြို့လုံးကျွတ် တော်သလင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ်။

# တောင်ကြီးမြို့၌ ၅၃ ကြိမ်မြောက် တောင်ကြီးမြို့လုံးကျွတ် တော်သလင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့ ကံအောက်ရပ်ကွက်ရှိ သာသနာ လင်္ကာရ ကမ္ဘောဇသာသနာ့ဗိမာန်တွင် ၅၃ ကြိမ်မြောက် တောင်ကြီးမြို့လုံးကျွတ် တော်သလင်းလပြည့်နေ့ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ယနေ့ မွန်းလွဲပိုင်း တွင်ကျင်းပရာ တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာ စရိယ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသအမှူးပြုသော သံဃာတော်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး နှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသခံပြည်သူများ၊ စေတနာရှင် အလှူရှင် များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ကြီးမြို့ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင် တောင်ကြီးမြို့ မဟာဓမ္မိကာရာမကျောင်းတိုက် ဦးစီး ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။ ဆက်လက်၍ တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်း ၁၁၀ မှ ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ အပါး ၁၀၈၀၊ သီလရှင် ကျောင်း ၁၈ ကျောင်းတို့မှ သာသနာ နွယ်ဝင် သီလရှင် ၁၀၈ ပါးတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန် ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးပြုလုပ်



**နေပြည်တော် စက်တင်ဘာ ၆**

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က ယနေ့ နံနက်ပိုင်း တွင် တောင်ကြီးမြို့ စည်ပင်သာယာပန်းခြံ ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ ပြည်နယ်ရဲတပ်ဖွဲ့မှူးဦးဆောင် ၍ တပ်ဖွဲ့ဝင် ၁၈၅ ဦး၊ စာရေးဝန်ထမ်း သုံးဦး စုစုပေါင်း ၁၈၈ ဦးတို့သည် ၆၁ နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီ မှ ၉ နာရီခွဲထိ တောင်ကြီးမြို့ သစ်တော ရပ်ကွက်ရှိ ပြည်သူလူထုအပန်းဖြေနားနေ သည့် စည်ပင်သာယာပန်းခြံ၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးပြီး လက်ဖက်ရည်၊ ကောက်ညှင်းပေါင်းနှင့် အကြော်၊ ရေသန့် တို့ဖြင့် ကျွေးမွေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၆၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့ ၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တပ်မတော်စစ်ကြောင်းများက KNU အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကော့ကရိတ် - သဃ်န်းညီနောင် - မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်

တပ်မတော်စစ်ကြောင်းများက KNU အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကော့ကရိတ် – သဃ်န်းညီနောင်–မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်






တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် သဃ်န်းညီနောင်ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် သဃ်န်းညီနောင်ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၆**

KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နိုင်ငံ၏အချို့မြို့များတွင် ဖြစ်ပေါ်ခဲ့သည့် NLD အစွန်းရောက်တို့၏ ဆူပူအကြမ်းဖက်ဆန္ဒပြမှုတို့၏ နောက်ဆက်တွဲအဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင် လာကြသူများကို လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး အဆိုပါထွက်ပြေးတိမ်းရှောင်လာသူများကို အကြောင်းပြု၍ ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုကို မျှော်ကိုးရယူကာ နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးထိ စစ်ရေးပဋိပက္ခဖြစ်လာစေရေး အကြမ်းဖက်သင်တန်းများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်၍ တိုက်ခိုက်ရေး အင်အားစုဆောင်းကာ ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည် စီးဆင်းမှုနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့၏ စိတ်ကူးယဉ် စစ်ရေးရည်မှန်းချက်ဖြစ်သည့် မြဝတီမြို့၊ ကော့ကရိတ်မြို့နှင့် ဘားအံမြို့တို့ကို သိမ်းယူကာ သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေး အစိုးရထူထောင်ရေး စီမံဆောင်ရွက်လာခဲ့သည်။

ထိုသို့ လုပ်ဆောင်ရာတွင် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဦးစွာ ပြည်တွင်းမှ နိုင်ငံရေးအရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသား၊ လူငယ်များ၊ DCS ပြုလုပ်လာသည့်ဝန်ထမ်းများကို နိုင်ငံရေး၊ စစ်ရေးမက်လုံးများပေးလျက် အစွန်းရောက်သွေးကြွစေပြီး အဆိုပါလူငယ်များကို အကြမ်းဖက်သင်ခန်းစာ သင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းတို့ ပြုလုပ်၍ တပ်မတော်ကို နိုင်ငံရေးမှအပြီးအတိုင် ထွက်ခွာစေရန်နှင့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန်စသည့် မက်လုံးပေးခြင်း၊ စည်းရုံးခြင်းဖြင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့၏ အင်အားတိုးပွားတောင့်တင်းခိုင်မာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၁ ခုနှစ် မတ်လမှစ၍ ကရင်ပြည်နယ် သံလွင်မြစ်အနီးရှိ တပ်မတော်က စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ယူထားသည့် တပ်စခန်းကြီးများကို ၎င်းတို့လေ့ကျင့်သင်ကြားပေးထားသည့် PDF အမည်ခံအကြမ်းဖက်သမားများကို ရှေ့ကာအသေခံတပ်အဖြစ် အသုံးချပြီး အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများ စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ် ၇ ရက်မှ ဧပြီ ၅ ရက်ထိ ၂၈ ရက်ကြာ သဃ်န်းညီနောင်နှင့် မြဝတီဒေသရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များနှင့် ရှေ့တန်းစခန်းဌာနချုပ်များကို အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မြဝတီဒေသရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်များက ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့၍ မြဝတီမြို့အနေဖြင့် ထိခိုက်ဆုံးရှုံးမှုမရှိသော်လည်း သဃ်န်းညီနောင် တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ များလာခြင်း၊ မိသားစုဝင်များ ထိခိုက်သေဆုံးမှုရှိလာခြင်းနှင့် အချိုးမညီ အကြမ်းဖက်သောင်းကျန်းသူများ၏ အင်အားစုများကြောင့် သဃ်န်းညီနောင် တပ်နယ်ကို ခေတ္တလက်လွှတ်ခဲ့ရသည်။

အလားတူ KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကော့ကရိတ်မြို့ကို သိမ်းပိုက်နိုင်ရေး ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား အပြီးအပိုင်သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီလဆန်းပိုင်းမှစ၍ အချိုးမညီ အင်အားစုများဖြင့် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ကော့ကရိတ်မြို့အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့် အပြင်အဝေးမှနေ၍လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များ ရန်သူ့လက်တွင်းသို့ ကျရောက်မှုမရှိစေရေးအတွက် ရှုပ်ရှုပ်ချုံချုံ မြို့တွင်း ခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကော့ကရိတ်မြို့ကို သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ပထမအကြိမ် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ရသည်။

**စာမျက်နှာ ၂၆ သို့**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် ကော့ကရိတ် - သဃ်္နန်းညီနောင် - မြဝတီ အာရှလမ်းမကြီးကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၅ မှအဆက်**

တပ်မတော်စစ်ကြောင်းများအနေဖြင့် အောင်မြေချဲ့ထွင်ရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သဃ်္နန်းညီနောင်အား ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဧပြီ ၇ ရက်မှစ၍ အောင်ဇေယျစစ်ကြောင်းဖြင့် စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း ရာသီဥတုနှင့်မြေအနေအထား ကန့်သတ်ချက်များကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကော့ကရိတ်မြို့နှင့် သဃ်္နန်းညီနောင်ကြားရှိ ဒေသအခေါ် ရင်ကွဲတောင်အနီး တစ်ဝိုက်ထိုးစစ်အား ခေတ္တရပ်တန့်ကာ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများ၏ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်နေမှုအပေါ် အခွင့်ကောင်းယူ၍ KNU အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ စစ်ရေးရည်မှန်းချက် ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကအချက်အချာကျသည့် ဘားအံ-ကော့ကရိတ်- မြဝတီအာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကို အပြီးအပိုင်သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ သာလွန်အင်အားများ အသုံးပြုပြီး လမ်းကြောင်း ငါးကြောင်းဖြင့် ဒုတိယအကြိမ်ထပ်မံဝင်ရောက်လာပြီး ကျုံဒိုးနှင့် ကော့ကရိတ်ကြား အာရှလမ်းမကြီးအား ပိတ်ဆို့ဖြတ်တောက်၍ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့ကို အပြင်းအထန် ထပ်မံတိုက်ခိုက်လာခဲ့ရာ တပ်မတော်စစ်ကြောင်းများက တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ တုံ့တိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်ဖြင့် အကြမ်းဖက်သောင်းကျန်းသူများကို ခုခံတိုက်ခိုက်ချေမှုန်းခဲ့မှုကြောင့် ၎င်းတို့၏ စစ်ရေးရည်မှန်းချက်များကို တစ်ခုပြီးတစ်ခု ရိုက်ချိုးနိုင်ခဲ့ပြီး ကျုံဒိုး - ကော့ကရိတ် လမ်းကြောင်းတစ်လျှောက်ကို ဇူလိုင် ၂၄ ရက်တွင် တပ်မတော်ကပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးရည်မှန်းချက်များအား တစ်ဆင့်ပြီးတစ်ဆင့် ရိုက်ချိုးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် စစ်ရေးအရှိန်ကို တိုးမြှင့်ကာ အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက် ပြန်လည် ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သဃ်္နန်းညီနောင်အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် စနစ်တကျပြင်ဆင်စုဖွဲ့ကာ ကော့ကရိတ်မှ သဃ်္နန်းညီနောင်ထိ စစ်ကြောင်းလေးကြောင်းဖြင့်လည်းကောင်း၊ မြဝတီမှ သဃ်္နန်းညီနောင်သို့ စစ်ကြောင်းတစ်ကြောင်းဖြင့်လည်းကောင်း စစ်ကြောင်းများခွဲကာ ၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ဖြင့် ဟန်ချက်ညီဖြင့် အကြမ်းဖက်သမားများအား တစ်ဆင့်ပြီးတစ်ဆင့် လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၀ ရက်အကြာ ယနေ့မွန်းလွဲ ၁ နာရီတွင် သဃ်္နန်းညီနောင် တပ်နယ်အားလုံးကို တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အဓိကကုန်စည်စီးဆင်းရာလမ်းမကြီးပေါ်တွင်ရှိသည့် ကော့ကရိတ်- သဃ်္နန်းညီနောင်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် သဃ်္နန်းညီနောင်ကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော်အနေဖြင့် ကော့ကရိတ်- သဃ်္နန်းညီနောင်-မြဝတီ အာရှလမ်းမကြီးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် KNU အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ်အိပ်မက်ဖြစ်သော မြဝတီမြို့၊ ကော့ကရိတ်မြို့နှင့် ဘားအံမြို့တို့ကို သိမ်းပိုက်ကာ သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေး အစိုးရထူထောင်ရေး အိပ်မက်အား အပြီးတိုင် ရိုက်ချိုးဖျက်ဆီးနိုင်ခဲ့သည်။

အဆိုပါ ကော့ကရိတ်-သဃ်္နန်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သဃ်္နန်းညီနောင်မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် စစ်ဆင်ရေးကာလ တစ်နှစ်ကျော်ကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ၃၈၂ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၆၃ လောင်း၊ လက်နက်မျိုးစုံ ၅၇ လက်၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံအတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြပြီး အချို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကော့ကရိတ်- သဃ်္နန်းညီနောင်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက် ခေတ္တထိန်းချုပ်ထားစဉ် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ်ပိတ်ဆို့ခြင်း၊ အခြားလမ်း၊ တံတားများကို မိုင်းခွဲဖျက်ဆီးခြင်းများလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါပြည်ထောင်စုလမ်းမကြီး ဖွင့်လှစ်ပြီး နယ်စပ်ကုန်စည်စီးဆင်းမှု အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်က အဆိုပါ ကော့ကရိတ်- သဃ်္နန်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် တပ်မတော်အပေါ် အထူးပင်ကျေးဇူးတင်လျက်ရှိကြောင်း မြဝတီရုပ်မြင်သံကြားအဖွဲ့သားများက ဂုဏ်ပြုကြိုဆိုတင်ဆက်လိုက်ရပါသည်။ (၅၀၁)



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းများကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းများကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက LY-1 စွမ်းအင်မြင့် လေဆာလက်နက်သစ်ကို ပထမဆုံးအကြိမ် မိတ်ဆက်ပြသခဲ့



တရုတ်နိုင်ငံသည် ပေကျင်းမြို့တွင်ကျင်းပခဲ့သော ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် ၈၀ ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ LY-1 အမည်ရှိစွမ်းအင်မြင့် လေဆာလက်နက်သစ်ကိုပထမဆုံးအကြိမ် မိတ်ဆက်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

LY-1 လေဆာလက်နက်ကို ရှစ်ဘီးတပ် HZ141 ယာဉ်ပေါ် တင်ဆောင်ပြသထားသော်လည်း စစ်သင်္ဘောများ၏ကာကွယ်ရေးစနစ်အဖြစ် အသုံးပြုရန်ရည်ရွယ်ထားကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနများက ရေးသားဖော်ပြခဲ့ကြသည်။ စစ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့သော LY-1 အမည်ရှိ စွမ်းအင်မြင့်လေဆာလက်နက်သစ်တွင် ပစ်မှတ်ရှာဖွေထောက်လှမ်းမှုအပိုင်း၌ အသေးစားအာရုံခံကိရိယာနှင့် အနီအောက်ရောင်ခြည်အာရုံခံကိရိယာများ ပေါင်းစပ်ထားကာဆုံလည်တွင် လေဆာရောင်ခြည် ထုတ်လွှင့်မှုစနစ်ပါရှိမည် ဖြစ်သည်။ သေတ္တာပုံစံအစိတ်အပိုင်းတစ်ခုတွင် ရေဒါနှင့် Passiveရေဒီယိုလှိုင်းနှုန်း အာရုံခံကိရိယာများတပ်ဆင်ထားနိုင်ဖွယ်ရှိသည်။ အစဉ်အလာအရ သမားရိုးကျတိုက်ခိုက်ရေးလက်နက်များနှင့်မတူဘဲ LY-1 လေဆာစနစ်သည် ယာဉ်ပေါ်ပါရှိသော စွမ်းအင်ကိုသီးသန့်အသုံးပြုခြင်းဖြစ်သည်။ ထို့ကြောင့်ကုန်ကျစရိတ်သက်သာစွာနှင့် အကန့်အသတ်မရှိ ပစ်ခတ်နိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ LY-1 လေဆာလက်နက်စနစ်သည် ရန်သူ့ဒရုန်းများ၊ ဒုံးကျည်များ၏ တိကျစွာပစ်ခတ်တိုက်ပွဲဝင်နိုင်ရန် ထိန်းကျောင်းပေးမည့် Optical Sensors အာရုံခံကိရိယာများအပေါ် အနှောင့်အယှက်ပေးရန်နှင့် ဖျက်ဆီးရန်ရည်ရွယ်ပြီး ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"LY-1 မှာ ပါဝါယူနစ်တွေအတွက်လုံလောက်တဲ့ နေရာလွတ်ရှိတာကြောင့်ပိုမိုမြင့်မားတဲ့ စွမ်းအင်တွေ ရရှိနိုင်ပါတယ်။ ဒါဟာ မောင်းသူမဲ့စက်ပစ္စည်းတွေကနေတိုက်ခိုက်မှုတွေကို ကြားဖြတ်ကာကွယ်နိုင်ရုံသာမကဘဲ သင်္ဘောဖျက်ဒုံးကျည်တွေကိုပါ ကြားဖြတ်ဖျက်ဆီးနိုင်မည်ဖြစ်ပြီးကြားဖြတ်ဖျက်ဆီးမှု တစ်ကြိမ်ချင်းစီအတွက် ကုန်ကျစရိတ်အလွန်သက်သာစေနိုင်တယ်"ဟု တရုတ်နိုင်ငံ Global Times သတင်းစာက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ LY-1 ရေတပ်သုံးလေဆာလက်နက်ကို မိတ်ဆက်ခြင်းသည် စွမ်းအင်မြင့် လေဆာစနစ်များတွင်ကြုံတွေ့နေရသော အပူလွန်ကဲမှုပြဿနာကို ဖြေရှင်းနိုင်ပြီဆိုသည့် အချက်ကိုသက်သေပြချက်တစ်ခုဖြစ်ကြောင်းလည်းသိရသည်။

၂၀၂၃ ခုနှစ်က တရုတ်သုတေသီများသည် အပူကြောင့် လက်နက်စနစ်ပြတ်တောက်သွားခြင်းမျိုးမရှိဘဲ စဉ်ဆက်မပြတ်အသုံးပြုနိုင်သောလေဆာအအေးခံနည်းပညာတွင် အောင်မြင်မှုရရှိခဲ့ကြောင်းထုတ်ပြန်ခဲ့ဖူးသည်။ LY-1 လေဆာလက်နက်စနစ်ကို အဆိုပါနည်းပညာနှင့် တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း တရားဝင်ပြောကြားထားခြင်းမရှိသော်လည်း ယခုကဲ့သို့ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းမှာ အဆိုပါတီထွင်ဆန်းသစ်မှုများကို လက်ရှိတွင်လက်တွေ့ကျကျ ပေါင်းစပ်အသုံးပြုနေပြီဖြစ်ကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

လေဆာလက်နက် ဒီဇိုင်းသည်စဉ်ဆက်မပြတ် စွမ်းအင်မြင့်လေဆာလှိုင်းထုတ်လွှတ်မှုအပေါ် အဓိကထားပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ ပိုမိုကောင်းမွန်သော အအေးခံစနစ်သည် ဝင်ရောက်လာသည့် ရန်သူ့ဒရုန်းများနှင့် ဒုံးကျည်များကို ကာကွယ်နိုင်ရန်အတွက် အချိန်တစ်ခုကြာမြင့်စွာ တိုက်ခိုက်မှုအတွင်းလေဆာစနစ်စွမ်းဆောင်ရည်ကို တစ်သမတ်တည်း ထိန်းထားနိုင်မည်ဖြစ်ကာဤသည်မှာ ရေတပ်၏ကိုယ်ပိုင်ကာကွယ်ရေးအတွက် အရေးကြီးသောအချက်တစ်ခုဖြစ်ကြောင်း သိရသည်။

**China Unveils ‘Most Powerful’ Laser Weapon Yet, Signals Naval Role ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံ JET ကုမ္ပဏီက JET MAX တိုက်ခိုက်ရေးဒရုန်းသစ်ကို ထုတ်ဖော်ပြသ

ယူကရိန်းနိုင်ငံ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ JETသည်နောက်တန်းနေရာများရှိရန်သူ့တပ်ရင်း၊ တပ်ဖွဲ့များ၊ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နည်းဗျူဟာမြောက် စစ်လက်နက်ပစ္စည်းများကိုတိုက်ခိုက်ရန်အတွက် ဗုံးကြဲတိုက်ခိုက်နိုင်သည့် JET MAX တိုက်ခိုက်ရေးဒရုန်းသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတိုက်ခိုက်ရေးဒရုန်းသည်တင့်ကား၊ သံချပ်ကာပစ်မှတ်များ၊ အဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးရန် အကြီးစားထိပ်ဖူးနှစ်ခုဖြစ်စေ၊ အပေါ့စား သံချပ်ကာယာဉ်များနှင့် တပ်ဖွဲ့ဝင်များကို ချေမှုန်းတိုက်ခိုက်ရန် ဖောက်ခွဲရေးခဲယမ်းကျည် ရှစ်ခုဖြစ်စေ၊ Payload အလေးချိန် အများဆုံး ၄၄ ပေါင်ထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ Payload အလေးချိန်ပေါ်မူတည်၍ ဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းဖြင့် ပျံသန်းနိုင်ပြီး အမြင့်ဆုံးကီလိုမီတာ ၈၀၊ လေထဲတွင် တစ်ဆက်တစ်စပ်တည်း ပျံသန်းနေနိုင်ချိန် မိနစ် ၄၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

တစ်ဖက်မှ တန်ပြန်လုပ်ဆောင်လာမည့် အီလက်ထရွန်နစ်စစ်ဆင်ရေးကိုကာကွယ်ရန်အတွက် JET MAX တိုက်ခိုက်ရေးဒရုန်းသည် လှိုင်းခွင်များကြားတွင်ဖိဖျက်နှောင့်ယှက်မှုများ ရှိသော်လည်းထိန်း ကျောင်း ပျံသန်း လုပ်ဆောင်နိုင်မည့်လှိုင်းနှုန်းပြောင်းလဲ လမ်းကြောင်းပြစနစ်ကို အသုံးပြုထားကြောင်း သိရသည်။ JET MAX ဒရုန်းကို ပင်မမောင်းနှင်သူနှင့်တွဲဖက်မောင်းသူနှစ်ဦးတည်းဖြင့် ပြည်တွင်းထုတ် မြေပြင်ထိန်းကျောင်းရေး စခန်းတစ်ခုကိုအသုံးပြုပြီး ၁၀ မိနစ်အတွင်းဒရုန်းပျံတက်နိုင်ရန် ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဟာ ပြည်တွင်းထုတ်လုပ်မှုမှာ တော်တော်လေးကို စေ့စပ်သေချာစွာ ဆောင်ရွက်နေပါတယ်။ ကိုယ်ထည်တွေ၊ ပေါင်တွေနဲ့ တပ်ဆင်တဲ့အစိတ်အပိုင်းတွေကို ကျွန်တော်တို့ကိုယ်တိုင် ထုတ်လုပ်ပါတယ်။ ထုတ်လုပ်မှုကိုလဲ လျင်မြန်စွာ တိုးချဲ့လုပ်ဆောင်နိုင်ပါတယ်"ဟု JET ကုမ္ပဏီမှ နည်းပညာဒါရိုက်တာ Olena Kurta ၏ ပြောကြားချက်ကို Ukrainska Pravda သတင်းဌာနက ရေးသားဖော်ပြထားသည်။

JET MAXဒရုန်းကိုပြောင်းလဲလာသောစစ်မြေပြင်လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေစွာ တုံ့ပြန်နိုင်ရန်အတွက်တီထွင်ခဲ့ခြင်းဖြစ်ပြီး ဖောက်ခွဲရေးခဲယမ်းများ အလေးချိန်ပိုမိုတင်ဆောင် တိုက်ပွဲဝင်နိုင်မည့် ဒရုန်းလိုအပ်ချက်များကို



အလျင်အမြန် ဖြည့်ဆည်းပေးနိုင်ရန်ကြိုးပမ်းလာခြင်းဖြစ်သည်ဟု JET ကုမ္ပဏီမှ အင်ဂျင်နီယာများက ပြောကြားခဲ့ကြောင်းသိရသည်။

"ခုနစ်လက်မနဲ့ ရှစ်လက်မ ကိုယ်ထည်ပေါင်တွေပါတဲ့ FPV ဒရုန်းတွေနဲ့ အရင်ကလို သိပ်အလုပ်မဖြစ်တော့တာတွေ့နေရပါပြီ။ တကယ်က ရှေ့တန်းစစ်မျက်နှာမှာဒရုန်းတွေဟာ ရန်သူဆီကို အဖျက်စွမ်းအားပြင်းတဲ့ ဖောက်ခွဲရေးခဲယမ်းတွေအများအပြားနဲ့ တိုက်ခိုက်နိုင်ဖို့ လိုအပ်နေပါပြီ" ဟု Olena Kurta က ထည့်သွင်းပြောကြားခဲ့သည်။

JET MAX တိုက်ခိုက်ရေးဒရုန်းသည်ယူကရိန်း၏ ဒရုန်းနည်းပညာ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးလုပ်ဆောင်နေမှုကိုမီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ထို့ပြင်ပြောင်းလဲလာသော စစ်မြေပြင်သဘောသဘာဝများအရ ရှေ့တန်းစစ်မျက်နှာများမှ နောက်တန်းနေရာများထိ ထိုးဖောက်၍ပစ်မှတ်များကို တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ခိုက်နိုင်စွမ်းရှိစေရန် တီထွင်ကြံ့ဆလာမှုကို တွေ့မြင်နေရပြီဖြစ်ကြောင်း သိရသည်။

**Eight Strikes, One Drone: Ukraine Introduces JET MAX Bomber UAV ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်

**ကျော်တင့်(ရွှေခရမ်း)**

၂၀၂၅ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့အနာဂတ် မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ( Future Front Myanmar Youth Strategy Forum-2025) တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များသည် သတ်မှတ်အစုအဖွဲ့အလိုက် ကမ္ဘာနှင့်မြန်မာ ပထဝီနိုင်ငံရေးအခြေအနေများကို အပြန်အလှန်ဆွေးနွေးပြောဆိုခဲ့ကြပြီး နိုင်ငံတော်၏ အဖိုးတန်ဆုံးရတနာများဖြစ်သည့် လူငယ်များ၏ လန်းဆန်းတက်ကြွသည့် အသွင်သဏ္ဌာန်များ၊ ယုံကြည်ရဲရင့်သည့်စိတ်ဓာတ်များကို မြင်တွေ့ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။

မျက်မှောက်ကာလအခြေအနေများအရ ဝင်ရိုးစုံကမ္ဘာခေါ် ဗဟုဝင်ရိုးကမ္ဘာကာလသို့ ပြောင်းလဲလာပြီး ဗဟုဝင်ရိုးကမ္ဘာတွင် ကမ္ဘာ့အချက်အချာသည် အာရှသို့ ရွေ့လျားလာပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှအင်အားကြီးနိုင်ငံများကြားတွင် အချက်အချာကျကျတည်ရှိနေပြီး လူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေကို မှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ်လာမည့် အနာဂတ်လမ်းကြောင်းများကို သိရှိနားလည်မှသာ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်သည်များကို မှန်ကန်စွာလုပ်ဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံ့အကျိုးကိုသယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးသည် နောင်တစ်ခေတ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ တာဝန်အရပ်ရပ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်ခေါင်းဆောင်လောင်းလျာများကို စနစ်တကျပြုစုပျိုးထောင်လျက်ရှိသည်။ မြန်မာလူငယ်မောင်မယ်များသည် ဗလငါးတန်ဖွံ့ဖြိုးရုံမကဘဲ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ မီဒီယာအတတ်ပညာ၊ သံတမန်ရေးရာနှင့် ပြည်သူ့နီတိကျင့်စဉ်များကို သိရှိနားလည်ထားရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများမှ အခွင့်အလမ်းများရှာဖွေရယူကာ အနာဂတ်နိုင်ငံတော်ကိုကောင်းစွာတည်ဆောက်နိုင်သည့် အရည်အချင်းမြင့်မားသည့်လူငယ်များဖြစ်လာစေရန်နှင့် လူငယ်တို့၏ အတွေးသစ်၊ အမြင်သစ်၊ တီထွင်ဆန်းသစ်လိုစိတ်တို့ တိုးတက်စေရန် လူငယ်နှင့်ဆိုင်သောပွဲများကို ကျင်းပပေးနေခြင်းလည်းဖြစ်သည်။

လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုကြရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်ပြီး ခေတ်စနစ်များကိုမည်သို့ဖြတ်သန်းစေကာမူ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးပိုင်းနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်ပေသည်။ လူငယ်ဆိုသည်မှာ သင်ယူတတ်မြောက်လွယ်သောအရွယ်ဖြစ်ပြီး အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် နည်းပညာဆန်းသစ်မှုများကြောင့် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေပြီး လူငယ်များအနေဖြင့် သတင်းအချက်အလက်၊ မီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ်လိုက်ပါနေရန် လိုအပ်သည်။ ပြောင်းလဲနေသော ခေတ်ရေစီးကြောင်း

**❖ မြန်မာနိုင်ငံသည် အာရှအင်အားကြီးနိုင်ငံများကြားတွင် အချက်အချာကျကျတည်ရှိနေပြီး လူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေကို မှန်ကန်စွာနားလည်သဘောပေါက်နိုင်ရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပေါ်လာမည့်အနာဂတ်လမ်းကြောင်းများကို သိရှိနားလည်မှသာ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်သည်များကို မှန်ကန်စွာလုပ်ဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ❖**

နောက်သို့ မျက်ခြည်မပြတ်လိုက်ပါနေရန်လိုအပ်သကဲ့သို့ မိမိတို့၏ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့စရိုက်အစဉ်အလာကောင်းများ တိမ်မြုပ်မသွားစေရန်လည်း ဆင်ခြင်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပနေသည့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် မျိုးဆက်သစ်လူငယ်များ အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ကြသည်မှာ ရိုးရာယဉ်ကျေးမှု မပျောက်ပျက်စေရေးအတွက် ရှေ့တန်းမှ ကာကွယ်နေခြင်းလည်းဖြစ်သည်။

နိုင်ငံတကာတွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသူများကို လူငယ်ဟုသတ်မှတ်ပြီး မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိသူများကို လူငယ်ဟုသတ်မှတ်ထားသည်။ မိမိတို့နိုင်ငံတွင် လက်ရှိလူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ လူငယ်များဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သောအင်အားစုများပင်ဖြစ်သည်။ ယနေ့လူငယ်များသည် နောင်ဝယ်လူကြီးဖြစ်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်ကြမည့်သူများဖြစ်သည်။ ကုမုဒြာကြာပန်းသည် လရောင်ဆမ်းမှ လန်းဆန်းသကဲ့သို့ လူငယ်ဆိုသည်မှာလည်း ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရားကောင်းမွန်ရန် လိုအပ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်မှသာ လှပနေမည်ဖြစ်သည်။ ကိုယ်ကျင့်တရားဆိုသည်မှာ လုပ်သင့်သည်ကိုလုပ်ခြင်း(စာရိတ္တသီလ)နှင့် မလုပ်သင့်သည်ကိုမလုပ်ခြင်း (ဝါရိတ္တသီလ)ပင်ဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ရေးဆိုသည်မှာ ယခုချက်ချင်းပြုပြင်ယူနိုင်သည့်ကိစ္စမဟုတ်ဘဲ ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ရသောအရာတစ်ခုဖြစ်သည်။ လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံစေရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ပြီး ထိုမှသာ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြင့်တက်လာမည်ဖြစ်ရာ အဆိုပါလူငယ်များလုပ်ငန်းခွင်ဝင်ရောက်ချိန်တွင်လည်း အဂတိလိုက်စားမှုများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ယခုခေတ်ကာလတွင် လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာပျံ့နှံ့လာမှုနှင့်အတူ လူငယ်များအပေါ် အကြမ်းဖက်မှုပုံစံအသစ်များလည်း ပေါ်ပေါက်လျက်ရှိသည်။ အမျိုးသမီးများအပေါ် နည်းပညာဆိုင်ရာအကြမ်းဖက်မှုအဖြစ် ကွန်ပျူတာနှင့် ဆော့ဖ်ဝဲများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း အွန်လိုင်းအကြမ်းဖက်ခြင်းများကို ပြုလုပ်လာကြသည်။ မျက်မှောက်ကာလ၌ သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံဖန်တီးသတင်းများသည် လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ဖြားယောင်းလျက်ရှိရာ ၎င်းတို့ကို မှန်ကန်သည့် အသိ၊ သတိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိရန်လိုသည်။ လူမှုကွန်ရက်၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများသည် လူသားများကို ကြီးကြီးမားမားအကျိုးပြုနိုင်သော်လည်း တစ်ဖက်တွင်လည်း ဘေးထွက်ဆိုးကျိုးဖြစ်သည့် သတင်းညစ်ညမ်းမှုသည် ရောဂါတစ်ခုသဖွယ် တဖြည်းဖြည်းကူးစက်လာလျက်ရှိသည်။ လူငယ်များအနေဖြင့် လူမှုကွန်ရက်များနှင့် ဒစ်ဂျစ်တယ်မီဒီယာများကိုသုံးစွဲရာတွင် အမှား၊ အမှန် ချင့်ချိန်စဉ်းစားနိုင်စွမ်းနှင့် လိုက်လျောညီထွေဆုံးဖြတ်နိုင်စွမ်းတို့ကို အသုံးချကာ အန္တရာယ်မရှိအောင် အသုံးပြုရန်လိုပြီး ကိုယ်အသုံးချနိုင်ရင် အသုံးချနိုင်သလောက် မိမိအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု အီလက်ထရွန်နစ်အားကစားအဖွဲ့မှလူငယ်များအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့် 2025 E-sports World Cup ပြိုင်ပွဲကြီး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများမှ ပရော်ဖက်ရှင်နယ်အားကစားသမားများကိုကျော်ဖြတ်၍ ပွဲစဉ်တိုင်း၌ အမှတ်အမြင့်ဆုံးဖြင့်ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံဆုကိုရရှိခဲ့ရာ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအတွက် အားတက်ဂုဏ်ယူစရာဖြစ်ခဲ့ရသည်။

လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး လူငယ်မောင်မယ်တို့သည် အနာဂတ်ကို စောင့်ဆိုင်းနေသူများမဟုတ်ကြဘဲ ပစ္စုပ္ပန်ကိုမောင်းနှင်နေကြသူများဖြစ်သကဲ့သို့ အနာဂတ်ကို ထုဆစ်ပုံဖော်နေကြသည့် ဗိသုကာပညာရှင်များလည်းဖြစ်သည်။ မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ၏ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်"ဆိုသည့်အတိုင်း လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြသည့်အခါ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှစွာဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းတိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ဝက်လက် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၂၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၉၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပန်းမုန်လာ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကို GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသောဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက် အထွက်နှုန်းတိုးသောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့တက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## မြက်ထုံးသုံးထုံးနှင့် သူဌေးသားနှစ်ဦး

ကလေးတို့ရေဦးဦးဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ "မြက်ထုံးသုံးထုံးနှင့် သူဌေးသားနှစ်ဦး"ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက ရွာသာယာဆိုတဲ့ ရွာတစ်ရွာမှာ လယ်ယာတွေများစွာပိုင်တဲ့ လယ်သမားသူဌေးကြီး ဇနီးမောင်နှံရှိသတဲ့။ သူတို့မှာ ကလေးနှစ်ယောက် မွေးဖွားထားပြီး ကလေးနှစ်ယောက်က သားယောက်ျားလေးတွေဖြစ်သတဲ့ကွယ်။ တစ်ယောက်နဲ့ တစ်ယောက် အသက်သုံးနှစ်ကွာပြီး ရုပ်ဆင်းအင်္ဂါသန့်ပြန့်သူလေးတွေပေါ့ကွယ်။ လယ်သမားသူဌေးကြီးဇနီးမောင်နှံဟာ သားနှစ်ယောက်ကို အလွန်ချစ်ပြီး ဘာမှမခိုင်းဘူးတဲ့ကွယ်။ ဒါပေမဲ့ အစ်ကိုကြီးဖြစ်တဲ့ သူကတော့ အဖေ့ရဲ့လယ်ယာလုပ်ငန်းတွေကို အမြဲလေ့လာသလို အလုပ်သမားတွေနဲ့လဲ ရောနှောပေါင်းသင်းဆက်ဆံတတ်သတဲ့။ ညီငယ်ကတော့ လယ်ပိုင်သူဌေးကြီးရဲ့သားပီပီ ကြော့ကြော့မော့မော့နေပြီး ဘာအလုပ်မှစိတ်မဝင်စားသလို အလုပ်သမားတွေကိုလဲ အရေးတယူပြောဆို ဆက်ဆံတာမရှိဘူးတဲ့ကွယ်။

လယ်သမားကြီးဟာ အသက်အရွယ်အိုမင်းလာတဲ့အခါ သားနှစ်ယောက်ရဲ့ ရှေ့ရေးကိုစဉ်းစားသတဲ့။ ငါတို့အသက်ရှင်နေတုန်းတော့ ကိစ္စမရှိပေမဲ့ ငါတို့ကွယ်လွန်သွားတဲ့အခါ သားနှစ်ယောက်ကလယ်ယာတွေကိုခွဲဝေယူကြမယ်။ လယ်ယာတွေကို ဦးစီးလုပ်ကိုင်ရတဲ့အခါ အလုပ်သမားတွေကို ဦးဆောင်ခိုင်းစေတတ်တဲ့သူက ကြီးပွားပြီး မခိုင်းစေတတ်တဲ့သူက ဆင်းရဲသွားနိုင်တယ်လို့တွေးမိသတဲ့။ လယ်ယာတွေကို ဦးစီးလုပ်ကိုင်ဖို့ လယ်ယာလုပ်ငန်းအကြောင်း ကျွမ်းကျင်ပိုင်နိုင်ဖို့လိုသလို အလုပ်သမားတွေနဲ့လဲ ဆက်ဆံတတ်ဖို့ လိုတာပေါ့ကွယ်။ ဒါကြောင့် လယ်သမားကြီးက သားနှစ်ယောက်ရဲ့အရည်အချင်းကိုစမ်းသပ်ပြီး အားနည်းသူကို ပြုပြင်သွန်သင်ပေးရမယ်လို့ စဉ်းစားဆုံးဖြတ်လိုက်သတဲ့။

လယ်သမားကြီးက သားနှစ်ယောက်စလုံးကို ခေါ်ပြီး "သားတို့နှစ်ယောက်ကို အလုပ်တစ်ခုခိုင်းစရာရှိတယ်။ အဲဒါကတော့ အိမ်မှာမွေးထားတဲ့ နွားတွေစားဖို့ မြက်ထုံးကြီးသုံးထုံးကို လယ်ကွင်းထဲမှာ တစ်ယောက်တစ်နေရာစီသွားပြီး အိမ်အရောက်ရိတ်ယူသယ်ဆောင်ခဲ့ရမယ်"လို့ ပြောလိုက်သတဲ့။ ပြီးတော့ မြက်ထုံးသုံးထုံးကို အကြီးဆုံးနဲ့ အမြန်ဆုံးရောက်အောင် သယ်လာနိုင်သူကိုလိုချင်တဲ့ဆုတစ်ခုပေးမယ်လို့လဲ မှာလိုက်သတဲ့။

သားနှစ်ယောက်ဟာ လယ်သမားကြီးခိုင်းတဲ့အတိုင်း လယ်ကွင်းတစ်နေရာစီကိုသွားပြီး မြက်ထုံးတွေရိတ်သယ်ဖို့ အလုပ်စတင်ပါတော့တယ်။ သားကြီးက တောင်ဘက်ကွင်းကိုသွားပြီး သားငယ်က မြောက်ဘက်ကွင်းကို ထွက်သွားကြသတဲ့။



လယ်ကွင်းနှစ်ကွင်းစလုံးမှာ မြက်တွေပေါသလို အလုပ်လုပ်နေတဲ့ အလုပ်သမားတွေလဲ ရှိတာပေါ့ကွယ်။ သားကြီးက မြက်ရိတ်ဖို့ တံစဉ်အပိုတွေပါယူသွားသလို မုန့်ပဲသရေစာတွေလဲ ထည့်ယူသွားသတဲ့။ သားငယ်ကတော့ တံစဉ်တစ်ချောင်းပဲ ယူသွားသတဲ့။

အချိန်အတော်ကြာတဲ့အခါ သားကြီးက မြက်ထုံးကြီးသုံးထုံးသယ်ယူလာပြီး အရင်ဆုံးရောက်လာတာပေါ့ကွယ်။ သားငယ်က အချိန်နောက်ကျပြီးမှ မြက်ထုံးငယ်နှစ်ထုံးပဲသယ်လာပြီး ပြန်ရောက်လာသတဲ့။ လယ်သမားကြီးက မြက်ထုံးတွေကိုကြည့်ပြီး "သားကြီးရဲ့ မြက်ထုံးတွေက ကြီးလဲကြီးတယ်။ အရင်ဆုံးရောက်အောင်လဲ သယ်လာနိုင်တယ်"လို့ မှတ်ချက်ပြုပြီး "သားငယ်ရဲ့ မြက်ထုံးတွေကတော့ သေးငယ်တဲ့အပြင် အထုံးရေလဲမပြည့်ဘူး။ နောက်လဲကျတယ်"လို့ မှတ်ချက်ပြုသတဲ့။ ဒီပြိုင်ပွဲမှာ သားငယ်ကရှုံးပြီဆိုပြီး မျက်နှာမသာမယာ ဖြစ်နေတာပေါ့ကွယ်။ ဒါကိုရိပ်စားမိတဲ့ လယ်သမားကြီးက "သားက အငယ်ဆိုတော့ နောက်တစ်ကြိမ်အခွင့်အရေးပေးမယ်။ အစ်ကိုကြီးရဲ့နည်းကိုမေးမြန်းပြီး နောက်တစ်ကြိမ်ကြိုးစားပါ"လို့ပြောကာ ညီအစ်ကိုနှစ်ယောက်စလုံးကို ဒုတိယအကြိမ် လယ်ကွင်းထဲ စေလွှတ်လိုက်ပြန်သတဲ့ကွယ်။

သားငယ်က အစ်ကိုကြီးဆီက နည်းလမ်းမေးပြီး မြက်ရိတ်ဖို့ အမြန်ထွက်သွားသတဲ့။ အချိန်အတန်ကြာတဲ့အခါ သားငယ်က မြက်ထုံးကြီးသုံးထုံးကို သယ်ပြီး အရင်ဆုံးပြန်ရောက်လာတာပေါ့ကွယ်။ သားကြီးကတော့ နောက်မှ မြက်ထုံး သုံးထုံး သယ်ပြီးပြန်ရောက်လာသတဲ့။ လယ်သမားကြီးက သားငယ်ကို ဘယ်လိုလုပ်ခဲ့သလဲလို့မေးတဲ့အခါ "အစ်ကိုကြီးဆီက နည်းလမ်းမေးတော့ မြက်ကို တစ်ယောက်ထဲ ရိတ်ရင်ကြာမယ်။ လယ်ထဲမှာ တွေ့တဲ့ အလုပ်သမားတွေကို သင့်တင့်အောင်ပေါင်းဖော်ပြီး မုန့်ပဲသရေစာတွေကျွေးကာ မြက်ကူရိတ်စေပါတယ်"လို့ပြောပြီး စကားကိုခဏနားတယ်။ ပြီးမှ "မြက်ထုံး သုံးထုံးကိုသယ်ဖို့ အလုပ်သမားတွေပေးတဲ့အကြံအတိုင်း ထမ်းပိုးနဲ့ နှစ်ပုံခွဲပြီး သယ်ခဲ့ပါတယ်။ ဒါကြောင့် လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် အရောက်သယ်လာနိုင်ခဲ့ပါတယ်"လို့ ပြန်ဖြေသတဲ့ကွယ်။

လယ်သမားကြီးက သားငယ်ရဲ့အဖြေစကားကို ကျေနပ်ရွှင်ပြုံးစွာနဲ့ နားထောင်နေပြီး သားကြီးဘက်လှည့်ပြီး "သားကြီးကကော ဒီတစ်ခါ ဘာဖြစ်လို့နောက်ကျရတာလဲ"လို့မေးတဲ့အခါ သားကြီးက "ကျွန်တော်က ကျွန်တော့်ညီငယ်ကိုချစ်တယ်လေ။ ဒီတစ်ကြိမ်မှာ ညီငယ်နိုင်မှဖြစ်မယ်လေ။ ဒါကြောင့် ညီငယ်ကို နည်းလမ်းတွေပြောပြလိုက်ပြီး ကျွန်တော်ကတော့ ခပ်ဖြည်းဖြည်းပဲ မြက်ရိတ်ပြီး ပြန်လာခဲ့ပါတယ်"လို့ ဖြေလိုက်သတဲ့။ အဲဒီတော့မှ လယ်သမားကြီးလဲ အလွန်ဝမ်းသာ ရွှင်ပြုံးတဲ့အမူအရာနဲ့ "အဖေတို့မရှိရင်လဲ သားတို့ညီအစ်ကိုအတွက် စိတ်ချရပါပြီ"ဆိုပြီး လယ်တွေကိုဆုအဖြစ် သားနှစ်ယောက်စလုံးကို ခွဲဝေပေးလိုက်သတဲ့ကွယ်။ ကဲ…ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ကလေးတို့လဲ ဒီပုံပြင်ထဲက ညီအစ်ကိုနှစ်ယောက်ကိုအတုယူပြီး အလုပ်ကိုကြိုးစားလေ့လာလုပ်ကိုင်ရမယ်။ ဘယ်သူနဲ့မဆို မိတ်ဖွဲ့ပေါင်းသင်းပြီး မိမိရည်ရွယ်ချက်ကို အောင်မြင်အောင်ကြိုးစားရမယ်။ ညီအစ်ကိုမောင်နှမချင်း အပြန်အလှန် ချစ်ခင်သံယောဇဉ်ထားပြီး ကူညီဖေးမရမယ်။ မိဘတွေ အားထားစိတ်ချရတဲ့ သားလိမ္မာ၊ သမီးလိမ္မာလေးတွေဖြစ်အောင် ကြိုးစားကြရမယ်နော်။

ညွန့်ဝင်း(နတ်တလင်း)

## ပညာဆီမီး

À ပညာဆီမီး အလင်းရောင်
အမြဲထွန်းတောက်ပြောင်၊
ဘဝအမှောင် မကျရေး
လမ်းပြဖော်ဆောင်ပေး။

À ကြိုးစားမနေး မြတ်ပညာ
သင်ယူလေ့လာပါ၊
ရတနာအစစ် တို့များချစ်
အောင်ပွဲတွေထုဆစ်။ ။

လမင်းခန့်(ပညာရေး)



## လှေပြိုင်ပွဲ

À တော်သလင်းလ လှေပြိုင်ပွဲ
နှစ်စဉ်ကျင်းပအမြဲ။

À အားခဲလှော်ကြ ဘယ်ညာ
လှေလေးရှေ့သို့ချီ။



À တက်ညီလက်ညီ အပြေး
ယီးလေလေ့ ယီးလေလေ့

À ရိုးရာဓလေ့ ကျင်းပကာ
စည်းလုံးညီညွတ်စွာ။

À ရေပြင်ပြာပြာ လှိုင်းတွေဖွေး
သံပြိုင်အားတွေပေး။ ။

ရွှေတိုး(ထုံးဘို)

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် နှမ်း ၅၈၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကသာခရိုင်အတွင်း နှမ်းကေ ၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၇၉၅ ကေ၊ အင်းတော်မြို့နယ်တွင် ကေ ၁၀၀၊ ထီးချိုင့်မြို့နယ်တွင် ၂၈၈ ကေ၊ ဗန်းမော်မြို့နယ်တွင် ၈၄ ကေ စုစုပေါင်း ၁၂၆၇ ကေဖြစ်ကြောင်း၊ ကသာခရိုင်တွင် မိုးနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၀၉ ကေ၊ အင်းတော်မြို့နယ်တွင် ကေ ၁၂၀၊ ထီးချိုင့်မြို့နယ်တွင် ကေ ၂၆၀၊ ဗန်းမော်မြို့နယ်တွင် ၉၃ ကေ စုစုပေါင်း ၅၈၂ ကေဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် မင်းရွာတာဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းရွာတာဝကျေးရွာအုပ်စု မင်းရွာတာဝကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၄ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၀၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၀၅ သိန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ်သိန်း ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နွဲ့ယဉ်

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တီလားဗီးယားငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တီလားဗီးယားငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း တီလားဗီးယားငါးပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တီလားဗီးယားငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ဇူလိုင်လကထက် ဩဂုတ်လမှာ တီလားဗီးယားငါးတွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ စက်တင်ဘာလထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ငါးတွေ အရောင်းအဝယ် ကောင်းလာတော့ ငါးလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဝါးခယ်မမြို့နယ်တွင် တီလားဗီးယားငါး အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါရန်ကုန်ဈေးကွက်မှအခြားဒေသများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် စက်တင်ဘာ ၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တံတားဦးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုသူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

# အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**အုတ်ဖို စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အညာတန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက အညာတန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဂဝံမြေလမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အညာတန်းကျေးရွာ၌ လမ်းအရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၃၁၈ သန်း စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၃၁၈ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အေးမြတ်




## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၈၄)၊ တမ္ဘဝတီ၊ ခတ္တန်းရပ်နေသော မအိအိချော၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညဏ်ဝင်းဖြစ်ပါကြောင်း။

ဦးညဏ်ဝင်း(၉/မရတ(နိုင်)၀၄၆၁၈၆)

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၈၄)၊ တမ္ဘဝတီ၊ ခတ္တန်းရပ်နေသော မအိအိချော၏မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းအရ ၁၈-၆-၁၉၈၆ ဖြစ်ပါကြောင်း။

မအိအိချော၊ ၁၈-၆-၁၉၈၆

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထကခွဲရဲဘော်လေးကျောင်းမှ G-5 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းစိုးဦး၏သား မောင်နေဖြိုးဦးအား မောင်နေလင်းထွန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နေလင်းထွန်း

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမက-၆ ကျောင်း၊ G-4 တန်းတွင် ပညာသင်ကြားနေသော မဆုနဒီကျော်၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမင်းဦးနှင့် ဒေါ်မြင့်မြင့်သန်းဖြစ်ပါကြောင်း။

ဦးစိုးမင်းဦး(၉/ကဆန(နိုင်)၁၁၈၉၃၄) +
ဒေါ်မြင့်မြင့်သန်း (၉/ကဆန(နိုင်)၁၇၄၉၂၉)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်နေ ဦးဟိန်းမင်းအောင် (ဘ) ဦးအောင်သန်း(၁/ကမန(နိုင်)၀၃၂၀၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-675799788

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောအထက၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဝေယံမိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမိုးထွန်းဖြစ်ပါကြောင်း။

ဦးစိုးမိုးထွန်း(၉/ခမစ(နိုင်)၀၇၄၃၁၉)

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သပြေညိုကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဖြိုးသူ၏ သားနှင့်သမီး Grade-4 မှ မောင်ဘုန်းမြတ်စံ၏အမည်မှန်မှာ မောင်ပြည့်စုံကျော်၊ Grade-1 မှ မသွန်းသုသုစံ၏ အမည်မှန်မှာ မမြတ်ဟန်နီထွန်း ဖြစ်ပါကြောင်း။

မောင်ပြည့်စုံကျော်၊ မမြတ်ဟန်နီထွန်း

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂၄)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းဝင်အမှတ်-၀၃၀၈ မောင်ခန့်ကိုထက် Grade-5 ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဖြိုးမောင်ဖြစ်ပါကြောင်း။

ဦးဖြိုးမောင်(၅/မရန(နိုင်)၃၀၁၀၇၆)

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ဆင်လမ်းကျေးရွာနေ မသီရိဖြိုး (ဘ) ဦးမြင့်မို(၉/ပဥလ(နိုင်)၀၄၄၄၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-691551348

## ပျောက်ဆုံးကြောင်း

သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာနေ မောင်တိုးတိုးဝင်း (ဘ) ဦးဝင်းအောင်(၉/သပက(နိုင်)၀၄၈၀၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-795584)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-2050603

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမက-၆ ကျောင်းမှ G-3 တန်းတွင် ပညာသင်ကြားနေသော မောင်စိုင်းအောင်ဆာ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းအိုက်ဆမ်ဖြစ်ပါကြောင်း။ ဦးစိုင်းအိုက်ဆမ်(၁၃/သပန(နိုင်)၀၉၉၇၈၅)

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ)ရဲဘော်လေးကျောင်းမှ G-12 တန်းတွင် ပညာသင်ကြားနေသော မောင်စိုးမိုးအောင်၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်မျိုးနွယ်ဖြစ်ပါကြောင်း။

ဒေါ်မျိုးနွယ်(၉/ကဆန(နိုင်)၂၁၁၃၉၆)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇)ရပ်ကွက်နေ မောင်ကောင်းသီဟကျော် (ဘ) ဦးမျိုးမင်းထွန်း(၉/ပကခ(နိုင်) ၀၁၇၆၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-085199)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-785492827

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ရှေ့သို့လှမ်းချီရာတွင် နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးမောင်းနှင်အားပင်ဖြစ်ပါသည်။ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေး မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ China Southwest Architectural Design and Research Institute Corporation(CSWADI)သို့ သွားရောက်ကြည့်ရှုလေ့လာ** စာမျက်နှာ- ၁၈





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Shangri la ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ ဦးရေ ၁၂၀ ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၂၀ ကော်လံ ၁☆

